# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဓမ္မပဒ(ဗုဒ္ဓဝဂ်-၁၈၂)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

## ယနေ့ ဒုတိယအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် စုစုပေါင်း အလှူငွေ (ငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံ)ကျော် လက်ခံရရှိ




နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

ယနေ့ ဖတ်စရာ

မြတ်ဆရာ — ဆောင်းပါး — စာ ၁၀

အိန္ဒိယနိုင်ငံ၌ ပျောက်ကျောက်ရောဂါဖြစ်ပွားသူ တတိယမြောက်လူနာတွေ့ရှိ — နိုင်ငံတကာသတင်း — စာ ၁၃

လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင် မသုံးနဲ့. . . — ဆောင်းပါး — စာ ၂၂

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁ ရက်သာ လိုတော့သည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများမှ စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် **“သဘာဝဘေးဒဏ် ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားမှုနှင့် အတူ ပြန်လည်ထူထောင်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့”** Video Clip ကို ဖွင့်လှစ်ပြသသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

**အလှူငွေများအသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစောတို့က အသီးသီးလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ပေးအပ်ကြမှုအပေါ် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအကြိမ်သည် ဒုတိယအကြိမ် လှူဒါန်းမှုဖြစ်ပြီး ပထမအကြိမ် လှူဒါန်းမှုအခမ်းအနားတွင် (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ)ကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ အခက်အခဲများကြားမှ စိတ်စေတနာ ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် အလှူငွေလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့ ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ပေးအပ် လှူဒါန်းခဲ့ကြကြောင်း၊ အလားတူ မိမိတို့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများကို သွားရောက်လှူဒါန်းလျက်ရှိသည့် စေတနာရှင် ပြည်သူများသည်လည်းများစွာရှိပြီး မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာစိတ်ဓာတ်များပင်ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့် အခြေအနေများ၊ *စာမျက်နှာ ၄ သို့*

**❖ မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဖွယ်တွေ့ရ၊ ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာစိတ်ဓာတ်များပင်ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

*စာမျက်နှာ ၃ မှ*

မိုခါမုန်တိုင်းဒဏ်ကြောင့် ရေဝင်၊ ရေဝပ်မှု ဖြစ်ပေါ်ခဲ့မှုများကို သင်ခန်းစာယူ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခု မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ရှိခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်များကို သင်ခန်းစာယူပြီး နောင်ဖြစ်ပေါ်ချိန်များတွင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတွင်းရှိ မြစ်များ၊ ချောင်းများ တစ်လျှောက်၌ ရေလမ်းကြောင်း ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် နှစ်စဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများ အပါအဝင် အများပြည်သူလူထုနှင့် သက်ဆိုင်သည့် အဆောက်အဦများ၊မြို့ပြများအသစ်တည်ဆောက်ရာတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို အဘက်ဘက်မှ ထည့်သွင်းတွက်ချက်စဉ်းစား၍ မြေနေရာ ရွေးချယ်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားရန် လိုကြောင်း။

သဘာဝ ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မှုများကို အမြန်ဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့်နေအိမ်များအတွက်လည်း နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်တိုအတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ပျက်စီးခဲ့ရသည့် စိုက်ပျိုးမြေများ၌လည်း သင့်လျော်သည့် သီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်မည်ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အလားတူဆောင်ရွက်ပေးနိုင်ရေး စဉ်းစားပေးကြရန်လိုကြောင်း။

**အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို**

အလှူရှင်များ၏ သန့်ရှင်းသောစိတ်ဖြင့် လှူဒါန်းခဲ့သည့် လှူဒါန်းမှုများကို အမှန်တကယ်လိုအပ်နေသူများထံသို့ ရောက်ရှိနိုင်ရေး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရောင်အသွေးကင်းရှင်းစွာဖြင့် လှူဒါန်းလာသည့် ပြည်ပမှလှူဒါန်းမှုများကိုလည်း မိမိတို့အနေဖြင့် စနစ်တကျ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စေတနာရှင်အလှူရှင်များအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြှင့်တင်မှု လုပ်ငန်းများတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးဒဏ်ကျရောက်ခဲ့ရသည့် ကျောင်းများအား အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ကလေးငယ်များ၏ ပညာရေးနောက်ကျမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့တွင် လာရောက် လှူဒါန်းကြသည့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့် နယ်ပယ်မှ အတူတကွဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညီစော ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ (ငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံ)ကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါင်းလောင်းမြစ်ကူးတံတား(အဝေရာ) နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုး၍ ပြင်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော် ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ပေါင်းလောင်းမြစ်ကူးတံတား (အဝေရာ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့်ခွင်-ကျည်တောင် - ခေါမ - ညောင်ပင်သာ လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်ကူးတံတား(အဝေရာ)သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုပါ လမ်းပိုင်းတစ်လျှောက်၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်စဉ် ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလမ်းပိုင်းသည် ပျဉ်းမနားခရိုင်နှင့် ဇေယျာသီရိခရိုင်အကြား ဆက်သွယ်ထားပြီး လူနေများသည့် ကျေးရွာများရှိသဖြင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများအား ပြုပြင်၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်းနှင့် လမ်းပိုင်းနှင့် တံတားအား အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပေါင်းလောင်းမြစ်ကူးတံတား(အဝေရာ)၏ ပျဉ်းမနားဘက်ခြမ်းရှိ တံတားချဉ်းကပ်လမ်း ရေတိုက်စားခဲ့မှုကြောင့် ပျက်စီးမှုအား နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုး၍ ပြင်ဆင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ပေါင်းလောင်း(အဝေရာဆည်) လက်ယာရေပေးမြောင်းမကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်း(အဝေရာဆည်)လက်ယာရေပေးမြောင်းမကြီး၌ ရေတိုက်စားခံရမှုကြောင့် မြောင်းတာပေါင် ကျိုးပေါက်ခဲ့သည့် နေရာများအား ပြန်လည်ပြင်ဆင်ခြင်း ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ရေဝင်ရေထွက်ကောင်းမွန်စေရေး ပြန်လည်တူးဖော်သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ဆောင်ရွက်ရာတွင် တစ်နေရာတည်းဆောင်ရွက်၍ မရဘဲ အဆင့်ဆင့်ရေစီးဆင်းမှုကောင်းမွန်အောင်နေရာစုံ၌ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေမြောင်း၊ တူးမြောင်းများ၌ ရေဝင်ရေထွက်ကောင်းမွန်စေရန် နှစ်စဉ်စစ်ဆေးမှုများ ပြုလုပ်နေရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေါင်းလောင်း(အဝေရာဆည်) လက်ယာရေပေးမြောင်းမကြီး မြောင်းတာပေါင်ကျိုးပေါက်ခဲ့သည့်နေရာများ ပြန်လည်ပြင်ဆင်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**အခြေခံပညာအထက်တန်းကျောင်းခွဲ (ဆင်သေ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ရေများ ပြန်လည်ကျဆင်းသွားသည့် အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် ဆင်သေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ၊ ဆရာမများက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပြန်လည်

*စာမျက်နှာ ၇ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၆ မှ*

ဖွင့်လှစ် သင်ကြားပေးနိုင်ရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများကို ပေးအပ်ပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်သေကျေးရွာမှ ညောင်ပင်သာ ကျေးရွာလမ်းအတိုင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်နစ်မြုပ်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်းတို့ကို အစီအမံဖြင့် ရက်ပိုင်းအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွန်းတည့်ခွင်-ကျည်တောင် - ခေါမ - ညောင်ပင်သာ လမ်းကြောင်းသည် သွားလာမှုများပြားလာပြီဖြစ်သဖြင့် စနစ်တကျ သုတေသနပြုလုပ်ပြီး လမ်းကြောင်းအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ရေဝင်ရောက်မှုများအား ပြန်လည်ရှင်းလင်းဆောင်ရွက်ထားရှိမှု၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု၊ ပညာရေးဝန်ကြီးဌာနမှ စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ သိုက်ချောင်းတံတား(ဆင်သေချောင်းကူး) ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကင်းသာလမ်းခွဲအနီးရှိ ၂၃၀ ကေဗွီ သာစည် - ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

လိုအပ်သည်များ မှာကြားသည်။

**သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) သိုက်ချောင်းဘက်သို့ အသွားတံတား တံတားရေလယ်တိုင်(Pier)များ နိမ့်ကျခြင်းဖြစ်ပေါ်နေမှုကို ပြန်လည်ပြင်ဆင်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပျက်စီးသွားသည့်တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားပြီး ဆောက်လုပ်ရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ချီးမြှင့်ပေးအပ်သည်။

**ခတ်အားလိုင်းတာဝါတိုင်များ ပြုပြင်ဆောင်ရွက်လျက်ရှိမှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်-တပ်ကုန်း လမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ပြီး ကင်းသာလမ်းခွဲအနီးရှိ ၂၃၀ ကေဗွီ သာစည် - ရွှေမြို့ ခတ်အားလိုင်း တာဝါတိုင်အမှတ် ၃၀၁ မှ ၃၀၅ အထိ တာဝါတိုင် ၅ တိုင် ပြိုလဲပျက်စီးခဲ့မှုနှင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂) ခတ်အားလိုင်း တာဝါတိုင်အမှတ် ၁၂ မှ ၁၅ အထိ တာဝါတိုင် ၄ တိုင်ပြိုလဲပျက်စီးမှုတို့အား ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တာဝါတိုင်များ ဖြုတ်သိမ်းခြင်း၊ ပြန်လည်စိုက်ထူခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘေးကင်းစိတ်ချရမှုရှိစေရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် အဆုံဇီးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

**နဝင်းချောင်းတံတား(အဆုံ) ချဉ်းကပ်လမ်းကမ်းကပ်ခုံ ဆောင်ရွက်နေမှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ ရောက်ရှိကြပြီး ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့မှုအား ယာယီဘေလီတံတား တည်ဆောက်ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ကမ်းကပ်ခုံအား ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ) ယာယီဘေလီတံတား တည်ဆောက်ပြုပြင်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်းကမ်းကပ်ခုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

> ❖ **ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လို၊ ရေနုတ်မြောင်းများ ရေဝင်ရေထွက်ကောင်းမွန်စေရေး ပြန်လည်တူးဖော်သွားရန်လို၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော် ဆောင်ရွက်ရာတွင် တစ်နေရာတည်းဆောင်ရွက်၍ မရဘဲ အဆင့်ဆင့်ရေစီးဆင်းမှုကောင်းမွန်အောင် နေရာစုံ၌ ဆောင်ရွက်သွားရန်လို၊ ရေမြောင်း၊ တူးမြောင်းများ၌ ရေဝင်ရေထွက်ကောင်းမွန်စေရန် နှစ်စဉ်စစ်ဆေးမှုများ ပြုလုပ်နေရန်လို**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် စက်တင်ဘာ ၂၈

**၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ အကြီးတန်း ၇၅ ကီလိုအောက်၊ ၈၄ ကီလိုအောက်၊ ၈၄ ကီလိုအထက် ကုမိတဲ့ပြိုင်ပွဲ၊ အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၊ ၄ယောက် လက်ဆင့်ကမ်းပြေးပြိုင်ပွဲ လူရွေးပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသမီး ၇ မျိုးစုံ အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ၇ မျိုးစုံ လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသမီး ၇ မျိုးစုံ မီတာ ၈၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** အမျိုးသမီး ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင် ကမ်းရိုးတန်း တိုင်းစစ်ဌာနချုပ်မှ သွယ်သွယ်မိုး က ၂၀၂၃ ခုနှစ် စံချိန် ၄၅ ဒသမ ၅၃ မီတာ ထက်သာလွန်ပြီး စံချိန် ၄၈ ဒသမ ၇၈ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။

**ဆုပေးအပ်ချီးမြှင့်**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A) ၌ အမျိုးသား/အမျိုးသမီး ခတပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် အားကစား အမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ (B) ၌ အမျိုးသား/ အမျိုးသမီး အုပ်စု ပတ်လည် ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (C) ၌ အမျိုးသားဗန်တို အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသားဗန်တို အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီးလပ် အတိုက်ပြိုင်ပွဲ (က)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်



ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်ပြိုင်ပွဲ (ခ) တန်း၊ အမျိုးသမီး ပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက် ပြိုင်ပွဲများကိုလည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ကီလိုတန်းအလိုက် ၈၀ ကီလိုလူသစ်တန်း၊ ၅၄ ကီလို က အဆင့်၊ ၅၁ ကီလို၊ ၆၃ ဒသမ ၅ ကီလို၊ ၇၁ ကီလို အလွတ်တန်းပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း (၁) ၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းက တောင်ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာ များတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို အင်တိုက် အားတိုက် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။



ယနေ့တွင်လည်း နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေး မြို့နယ်တွင်လည်းကောင်း၊ ရှမ်း ပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်း ကောင်း၊ ရှမ်းပြည်နယ် (အရှေ့ ပိုင်း) တာချီလိတ်မြို့နယ်တွင် လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် တွင်လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီး တောင်ငူမြို့တွင်လည်း ကောင်း ဘုန်းတော်ကြီးကျောင်း များ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ် သည်များ ကူညီရွှေ့ပြောင်းပေး ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊(ယာယီ)လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့ သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်း များ ဖယ်ရှားပေးခြင်း အပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့ များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင် စခန်းများတွင် ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးအဖွဲ့ များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူ ငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာ တော်များအား လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်း မှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက် ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်း များနှင့် ထောက်ပံ့ငွေများ ပေးအပ် သည်။

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း / တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည် ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/ တံတားများကိုလည်း ယာယီ သံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိ ကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေ သည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင် သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Nay Lin Thu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာနေ နေလင်းသူ(ခ)လူပျိုကြီး အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွား မည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းသားများ လက်တွေ့စမ်းသပ်ကွင်းဆင်းကောက်ယူ

**စဉ့်ကိုင် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင် မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင် ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ် / စာရင်းကောက် သင်တန်းသားများက မြေပြင် လက်တွေ့ စမ်းသပ်ကွင်းဆင်း ကောက်ယူခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့သစ် ရပ်ကွက်၌ ဆောင်ရွက်သည်။



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူရေး မြို့နယ် အဆင့် စာရင်းစစ်/စာရင်းကောက် သင်တန်း အ.ထ.က(စဉ့်ကိုင်)၌ ဖွင့်လှစ်ပို့ချနေသည့် သင်တန်း နည်းပြများနှင့် သင်တန်းသား ၁၆၃ ဦးတို့က အဖွဲ့ခွဲ၍ အိမ်ခြေ ၉၀ ကို မြေပြင်လက်တွေ့ စမ်းသပ်ကွင်းဆင်း ကောက်ယူ သည်။

အဆိုပါ လက်တွေ့ကွင်းဆင်း ကောက်ယူနေမှုကို မြို့နယ် သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညာဏ်စိုးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## အိမ်မဲမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စမ်းသပ်ကွင်းဆင်းကောက်ယူ

**အိမ်မဲ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း စမ်းသပ်ကွင်းဆင်း ကောက်ယူခြင်းကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများကို အိမ်မဲ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ် ရေးမှူး ဦးပြည့်ဖြိုးကျော်၊ မြို့နယ် သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် စာရင်းစစ်၊စာရင်းကောက် ၁၆၆ ဦးတို့နှင့် ပူးပေါင်းအဖွဲ့များက အိမ်မဲမြို့ပေါ် (၅) ရပ်ကွက်သို့ အစုအဖွဲ့များဖြင့် တစ်ပြိုင်တည်း စမ်းသပ်ကွင်းဆင်း ကောက်ယူ လျက်ရှိကြောင်း သိရသည်။

အိမ်မဲ မြို့နယ်အတွင်း ရပ်ကွက် ကျေးရွာအုပ်စု ၁၀၂ အုပ်စုရှိပြီး သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့ ၃၁ ဖွဲ့မှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း များအား အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# မြတ်ဆရာ

**မြန်မာအဘိဓာန်တွင် ဆရာကို “ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆရာတစ်ယောက်သည် တပည့်များအား စာပေပညာသင်ကြားပေးရုံမျှမက မိမိတပည့်များ၏ အနာဂတ်ဘဝ လှပတင့်တယ်စေရန်အတွက် ဆုံးမသွန်သင်နည်းပေးလမ်းပြ ပြုလုပ်သူဖြစ်ရမည်။ တပည့်များက မိမိကို ချစ်ခင်မြတ်နိုးလေးစားတန်ဖိုးထားလာစေရန် မိမိကိုယ်နှိုက်က တပည့်များ၏ စံနမူပြုပုဂ္ဂိုလ်ဖြစ်ရန် အရေးကြီးပါသည်။**

**ဒေါက်တာခင်မျိုးမြင့်ကြူ(ပညာရေး)**

ဆရာဟူသည် ပါဠိစကားလုံး **“ဆာယာ”** မှ ဆင်းသက်လာသည့် စကားလုံးဖြစ်ပြီး အရိပ်ဟု အဓိပ္ပာယ်သက်ရောက်သည့်အတွက် ဆရာသည် တပည့်များအား အရိပ်သဖွယ် အကာအကွယ်ပေးသူ ဖြစ်ရပေမည်။




မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသော ဆရာ့ကျင့်ဝတ်ငါးပါးတွင်လည်း **“အတတ်လည်းသင်၊ ပွဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးတား၊ သင့်ရာအပ်ပို့ ဆရာတို့”** (သိင်္ဂါလသုတ်၊ သင်္ဂဇာ ဆရာတော်) ဟု ပါရှိပါသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက ဆရာများအပေါ် မည်မျှမျှော်မှန်းထားသည်ကို အထင်အရှားတွေ့မြင်နိုင်ပါသည်။ တပည့်များအား အသက်မွေးမှု လုံလောက်အောင် အတတ်သင်ပေးခြင်း၊ မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်နိုင်အောင် ဆုံးမပဲ့ပြင်ပေးခြင်း၊ အတတ်ပညာကို အကြွင်းမရှိ စေတနာထားသင်ကြားပေးခြင်း၊ ရောက်လတ္တံ့သော ဘေးရန်အန္တရာယ်တို့ကိုကာကွယ်ပေးခြင်း၊ ပိုမိုသင့်တော်ရာသို့ ညွှန်ပြအပ်ပို့ခြင်းတို့သည် ဆရာများ၏ကျင့်ဝတ်သာမက မလွဲမသွေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

တစ်ဖန် မဃဒေဝလင်္ကာတွင်လည်း ဆရာတော်က **“ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူလော့”** ဟု ရေးဖွဲ့ထားပါသည်။ မေတ္တာစေတနာကြီးမားစွာဖြင့် တပည့်များ၏ အကျိုးအတွက် ဆိုဆုံးမတတ်သည့် ဆရာ့ဂုဏ်ကို ရေးဖွဲ့ထားခြင်းပင်။ အနန္တဂိုဏ်းဝင် ကျွန်မတို့ ဆရာ ဆရာမများအနေဖြင့် ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်တို့နှင့်အညီ ကျင့်ကြံနေထိုင် ပြုမူပြောဆိုရန် လိုအပ်ပါသည်။

တပည့်များသည် ဆရာများအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးအနက် တစ်ပါးပါးဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ကျေပါစေကြောင်းနှင့် ဆရာ့ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့လျက် သီတင်းကျွတ်အခါသမယတွင် မိဘများနှင့် တစ်ဂိုဏ်းတည်းထားကာ ရှိခိုးကန်တော့ကြခြင်းသည် ကမ္ဘာ့နိုင်ငံများအတွင်း မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတစ်ရပ်ဖြစ်ပါသည်။

**ပူဇော်ခံထိုက်သူဖြစ်ရန် လိုအပ်**

သို့ဖြစ်၍ ကျွန်မတို့ ဆရာများသည်လည်း ပူဇော်ခံထိုက်သူဖြစ်ရန်လိုအပ်ပါသည်။ ကျောင်းသားများ၏ အကန်တော့ခံချိန်တွင် ဆရာများအနေဖြင့် **“ငါသည် အကန်တော့ခံထိုက်ရဲ့လား၊ ကျောင်းသားများအပေါ် မေတ္တာ၊ စေတနာ အပြည့်အဝထားသူဖြစ်ခဲ့ရဲ့လား၊ ကျောင်းသားများကို သွန်သင်ဆုံးမပြီး ကျရောက်လာမည့် ဘေးရန်အပေါင်းမှ ကာကွယ်ပေးနိုင်ရဲ့လား”** စသည်ဖြင့် သုံးသပ်ဆင်ခြင်သင့်ပါသည်။

အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ထား၍ မြန်မာတို့၏ သီတင်းကျွတ်ကာလနှင့် တိုက်ဆိုင်နေခြင်းသည် ထူးခြားသည့် တိုက်ဆိုင်မှုတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဤနေရာတွင် ကမ္ဘာ့ဆရာများနေ့ အစပြု ဖြစ်ပေါ်လာပုံကို ပြန်လည်မျှဝေလိုပါသည်။ Dr. Sarvepalli Radhakrishnan သည် ၁၉၆၂ ခုနှစ် အိန္ဒိယနိုင်ငံ၌ ဒုတိယသမ္မတဖြစ်လာသောအခါ စက်တင်ဘာလ ၅ ရက်နေ့တွင် ၎င်း၏မွေးနေ့ကို ဂုဏ်ပြုရန် တောင်းဆိုမှုဖြင့် ကျောင်းသားအချို့ လာရောက်တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံပွဲတွင် Dr. Sarvepalli Radhakrishnan က သူ့မွေးနေ့ကို ကျင်းပမည့်အစား လူ့အဖွဲ့အစည်းတွင် အဓိကကျသော ဆရာများအခန်းကဏ္ဍကို အသိအမှတ်ပြုရန် ဆရာများနေ့အဖြစ် ကျင်းပခြင်းသည် ပို၍သင့်လျော်မည်ဟု အကြံပြုခဲ့သည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ ပါရီမြို့၌ UNESCO က ကျင်းပသော အထူးအစည်းအဝေးတွင် ILO/UNESCO က ဆရာများ၏ အဆင့်အတန်းနှင့် ပတ်သက်သော အကြံပြုချက်ကို တင်ပြခဲ့သည်။

ထိုအကြံပြုချက်တွင် ဆရာများအတွက် ကြီးမားသောခြေလှမ်းဖြစ်သည့် ဆရာများ၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ စံနှုန်းများ၊ ၎င်းတို့၏ ကနဦးပြင်ဆင်မှုနှင့် စဉ်ဆက်မပြတ် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်နှင့် သင်ကြားသင်ယူမှုအခြေအနေများဆိုင်ရာ စံနှုန်းများကို ဖြည့်စွက်ပြီး ၁၉၉၇ ခုနှစ်တွင် အတည်ပြုခဲ့သည်။ 1966 ILO/ UNESCO ၏ အကြံပြုချက်ကို လက်ခံအတည်ပြုသည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် UNESCO က အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ကြေညာခဲ့ပြီး ၁၉၉၄ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာနေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကျင်းပခဲ့ကြသည်။

**ဆရာ၏စကားသံများ တန်ဖိုးထား**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်မှာ **“ဆရာ့စကားသံများကို တန်ဖိုးထားခြင်း – ပညာရေးအတွက် လူမှုရေးစာချုပ်အသစ်ဆီသို့” (Valuing teacher voices: Towards a new social contract for education)** ဟူ၍ဖြစ်သည်။ ပညာရေးအတွက် လူ့ဘောင်လောကသစ်ဆီသို့ လျှောက်လှမ်းရာတွင် ဆရာ၏စကားသံများကို တန်ဖိုးထားရန်ဆိုလိုခြင်း ဖြစ်ဟန်တူသည်။ ပညာရေး၏ အနာဂတ်ကို ပုံဖော်ရာတွင် ဆရာများအဓိကပါဝင်သည့် အခန်းကဏ္ဍနှင့် ၎င်းတို့၏အမြင်များကို ပညာရေးမူဝါဒနှင့် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် ထည့်သွင်းရန် အရေးကြီးကြောင်း၊ လိုအပ်ကြောင်းကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့ ယူနက်စကို၏ သတင်းစကားတွင် **“သင်ကြားမှုအား နေရာတိုင်းတွင် ပိုမိုဆွဲဆောင်မှုရှိပြီး တန်ဖိုးထားတတ်သည့် အသက်မွေးဝမ်းကျောင်းအဖြစ် အသွင်ပြောင်းရန် နိုင်ငံများအနေဖြင့် ဆရာများကို တန်ဖိုးထား၊ ယုံကြည်ပြီး လုံလောက်စွာ ပံ့ပိုးပေးနိုင်ရန် ကျွန်ုပ်တို့ တောင်းဆိုအပ်ပါသည်”** ဟု ပါရှိပါသည်။

**မီးရှူးတန်ဆောင်များဖြစ်**

၂၁ ရာစု လူ့အဖွဲ့အစည်းတွင် လူသားတစ်ဦးအနေဖြင့် ရှင်သန်ရပ်တည်နေနိုင်ရန် ပညာရည်အားကောင်းခြင်း၊ ခံနိုင်ရည်အားကောင်းခြင်းနှင့် ရေရှည်တည်တံ့မှုကို တည်ဆောက်ခြင်းတို့သည် အရေးပါလှသည်။ ဤစိန်ခေါ်မှုအချိန်များတွင် ဆရာများသည် ကျောင်းသားများအတွက် ခံနိုင်ရည်ရှိမှု၊ လိုက်လျောညီထွေဖြစ်မှု၊ ဆန်းသစ်တီထွင်မှုများ၏ မီးရှူးတန်ဆောင်များဖြစ်သင့်ပါသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိရှိနားလည်မှု၊ လူမှုရေးအရတာဝန်ယူမှုနှင့် အနာဂတ်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်စွမ်းရှိသော မျိုးဆက်တစ်ခုအား ပြုစုပျိုးထောင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အသိပညာ၊ စိတ်ဓာတ်နှင့် ခွန်အားများပေးရန် ဆရာများသည် အရေးပါလှပါသည်။

ဆရာများ၏ ဉာဏ်ပညာနှင့် ကရုဏာသည် တပည့်များ လျှောက်ရမည့်လမ်းကို ရှာဖွေကူညီပေးပြီး လျှောက်လှမ်းသည့်လမ်းကြောင်းကို တောက်ပစေပါသည်။ ဆရာသည် တပည့်များ၏ဘဝတွင် အလင်းမီးရှူးတန်ဆောင်ဖြစ်ပါသည်။ ဆရာများသည် တပည့်တို့၏စိတ်များကို ပုံဖော်ကာ ၎င်းတို့၏ စရိုက်လက္ခဏာကို ပုံသွင်းပေးသည့် ဗိသုကာလည်း ဖြစ်ပါသည်။ ဆရာများ၏ တပည့်အပေါ်ထားရှိသည့် မေတ္တာစေတနာသည် ယိမ်းယိုင်မှုမရှိ၊ အတိုင်းအဆမရှိ ကြီးမားလှပါသည်။

ဆရာများသည် တပည့်တို့၏ သင်ယူမှုခရီးတစ်လျှောက်တွင် တပည့်များအား စာပေသင်ကြားပို့ချရန်၊ သွန်သင်ဆုံးမရန်၊ လမ်းညွှန်ရန် ၎င်းတို့၏ အချိန်နှင့် ခွန်အားကို မြှုပ်နှံထားကြသည်။ ဆရာများသည် သင်ခန်းစာများပြင်ဆင်ခြင်း၊ အဆင့်သတ်မှတ်ခြင်းနှင့် တပည့်များကို လမ်းညွှန်ပေးခြင်းများ ပြုလုပ်ရန် နာရီပေါင်းများစွာ အချိန်ယူကြရသည်။ ဆရာတစ်ယောက်သည် သူ့တပည့်အတွက် သူ၏အချိန်အားလုံးကို စတေးခဲ့ပါသည်။ ဆရာများသည် တပည့်တို့၏စိတ်ကို အသိပညာဖြင့် ပွင့်စေပါသည်။

ကမ္ဘာ့ဆရာများနေ့သည် ဆရာများ၏ စေတနာနှင့် ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုရန် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ ကျွန်မတို့အတွက် အမြဲရှိနေပေးသူ ဆရာများကို ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲဖော်ပြသည့် နေ့ထူးနေ့မြတ် အခါသမယလည်းဖြစ်ပါသည်။

တစ်ကြိမ်တစ်ခါ ဆရာဖြစ်ခဲ့ဖူးသူသည် ကျွန်မတို့အတွက် ထာဝရဆရာဖြစ်ပါသည်။ ဆရာ၏ သွန်သင်ဆုံးမမှုမှန်သမျှသည် ကျွန်မတို့နှင့်အတူ အမြဲရှိနေပါသည်။ ကျွန်မဘဝ၏ခိုင်ခံ့သည့် မဏ္ဍိုင်ဖြစ်ခဲ့ပြီး ဘဝအဆင့်တိုင်းတွင် လမ်းညွှန်ပြသပေးခဲ့သူ ဆရာသခင် ကျေးဇူးရှင်များအားလုံးကို ကျေးဇူးတင် ရိုသေလေးမြတ်စွာ ဦးညွှတ်ကန်တော့ပါသည်။ ကျွန်မ၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။

**❂ တပည့်များအား အသက်မွေးမှုလုံလောက်အောင် အတတ်သင်ပေးခြင်း၊ မကောင်းမှုဒုစရိုက်တို့ကို ရှောင်ကြဉ်နိုင်အောင် ဆုံးမပဲ့ပြင်ပေးခြင်း၊ အတတ်ပညာကို အကြွင်းမရှိ စေတနာထားသင်ကြားပေးခြင်း၊ ရောက်လတ္တံ့သော ဘေးရန်အန္တရာယ်တို့ကို ကာကွယ်ပေးခြင်း၊ ပိုမိုသင့်တော်ရာသို့ ညွှန်ပြအပ်ပို့ခြင်းတို့သည် ဆရာများ၏ ကျင့်ဝတ်သာမက မလွဲမသွေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်လည်းဖြစ်**

**❂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိရှိနားလည်မှု၊ လူမှုရေးအရ တာဝန်ယူမှုနှင့် အနာဂတ်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်စွမ်းရှိသော မျိုးဆက်တစ်ခုအား ပြုစုပျိုးထောင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အသိပညာ၊ စိတ်ဓာတ်နှင့် ခွန်အားများပေးရန် ဆရာများသည် အရေးပါ**

# ရေကြီးနစ်မြုပ်မှုမရှိခဲ့သည့် ဧရိယာများရှိ သီးနှံအားလုံး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နိုင်မှုပမာဏ ကျဆင်းမသွားစေရေးကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်မှု သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခဲ့သော သီးနှံစိုက်ခင်းများ ရာသီချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ရေကြီးနစ်မြုပ်မှုကင်းလွတ်ဧရိယာများရှိ သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့်တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာရှိ ရေတင်စက်ရုံ၊ ရေပေးမြောင်း၊ ရေသွင်းမြောင်းများနှင့် ရှားတော၊ ငွေးပင်နှင့် ရေအေးကျေးရွာများရှိ မိုးစပါးအပါအဝင် သီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှားတောကျေးရွာ ဧရာတ်စိုက်ကွင်း၌ တောင်သူများ ဧရာတ်ဆွတ်ခူးနေမှုကို ကွင်းဆင်းကြည့်ရှုကာ ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူများ၏ ဝင်ငွေအခြေအနေများကို ခင်မင်ရင်းနှီးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားသည်။ ဆက်လက်၍ ရှားတောကျေးရွာ ဆိုလာစနစ် ရေတင်စခန်းထိခိုက်ခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေတင်လုပ်ငန်းကို တစ်ပတ်တစ်ကြိမ် ရေတင်ပေးခြင်းဖြင့် စက်ပုံမှန်လည်ပတ်ကောင်းမွန်ရေး စီမံရန်လိုအပ်ကြောင်း၊ လာမည့်ဆောင်းသီးနှံနှင့်နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေမှုအဆင်ပြေချောမွေ့စေရေးအတွက် ရေပေးမြောင်းတစ်လျှောက် နုန်းဆယ်ယူခြင်း၊ မြောင်းဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စိုက်ခင်းရေသွင်းမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေအသုံးချသူအဖွဲ့ တောင်သူများ စုပေါင်းဆောင်ရွက်ရေး နှီးဆော်စည်းရုံးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှားတော၊ ငွေးပင်နှင့် ရေအေးကျေးရွာများရှိ မိုးစပါးအပါအဝင် သီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် ဧရိယာများတွင် ရာသီအချိန်မီ ပြန်လည်စိုက်ပျိုးခဲ့ကြသည့် မိုးစပါးစိုက်ခင်းများကို အနီးကပ်စောင့်ကြည့်ကူညီပေးရန်၊ မိုးစပါး ပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိသည့် ဧရိယာများတွင် အခြားသီးနှံတစ်မျိုးမျိုးစိုက်ပျိုးနိုင်စေရေး ကူညီဆောင်ရွက်ပေးရန်၊ သဲဖုံး၊ နုန်းဖုံးဧရိယာများမှ တောင်သူများ၏ ဆောင်းသီးနှံစိုက်ပျိုးရာသီအမီ သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်းကို စက်မှုလယ်ယာဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လုပ်ငန်းများတွင်ကျယ်စွာဆောင်ရွက်နိုင်ရေး စီမံပေးရန်၊ ရေကြီးရေလျှံမှုဖြစ်ပေါ်ရာဒေသ၏ အထက်ဘက်တွင် ရွှေသတ္တုကဲ့သို့ သတ္တုတူးဖော်ခြင်းလုပ်ငန်းများရှိသဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ခင်းများ၌ ဓာတုဓာတ်ကြွင်းများ ကျန်ရှိနိုင်မှုကြောင့် မြေဆီလွှာဓာတ်ခွဲဆောင်ရွက်နေမှုများ၏ ရလဒ်အဖြေရရှိချိန်တွင် အမြန်ဆုံးတင်ပြပြီး လိုအပ်ပါက မြေပြုပြင်မှုလုပ်ဆောင်ရန် စီမံဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုမရှိခဲ့သည့် ဧရိယာများရှိ သီးနှံအားလုံးအထွက်နှုန်းတိုးတက်အောင် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ နှစ်စဉ် စိုက်ပျိုးထုတ်လုပ်နိုင်မှုပမာဏ ကျဆင်းမသွားစေရေး စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလှုမွန် နေပြည်တော် - တပ်ကုန်း - ပင်လောင်း အဝေးဆက်သွယ်ရေးဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း ပြတ်တောက်မှုနှင့် ပြင်ဆင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှုမွန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရာဂီတိုင်ဖွန်း မုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးခဲ့မှုများကြောင့် ပြတ်တောက်ခဲ့သည့် နေပြည်တော် - တပ်ကုန်း - ပင်လောင်း အဝေးဆက်သွယ်ရေး ဖိုင်ဘာဆက်ကြောင်း ပြန်လည်ကောင်းမွန်စေရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကင်းသာလမ်းခွဲမှတစ်ဆင့် နေပြည်တော် - တပ်ကုန်း - ပင်လောင်း လမ်းတစ်လျှောက် ရေကြီးခြင်း၊ ရေတိုက်စားခြင်း၊ တောင်ပြိုခြင်းတို့ကြောင့် ပြတ်တောက်ခဲ့သည့် ဖိုင်ဘာကေဘယ်လ်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဖိုင်ဘာကေဘယ်လ်ပြုပြင်ရေးအဖွဲ့များက နေပြည်တော် - တပ်ကုန်း - ပင်လောင်း ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ပြုပြင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ဒုတိယဝန်ကြီးက နေပြည်တော် - တပ်ကုန်း - ပင်လောင်း ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်းသည် ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်သို့ ချိတ်ဆက်ထားသည့် ဆက်ကြောင်းဖြစ်သဖြင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ကျော်လွှား၍ အမြန်ပြန်လည် ကောင်းမွန်စေရေး ဆက်လက်ပြုပြင်သွားရန်ရေးအတွက် ယာယီလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ပုံမှန်လမ်းကြောင်းဖြစ်စေရေး ဆက်လက်ပြုပြင်သွားရန်နှင့် ဆက်ကြောင်းအရည်အသွေး ကောင်းမွန်စေရေး စနစ်တကျစစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့၌ အထူးကုသမားတော်ကြီးများပါဝင်သည့် ကုသရေးအဖွဲ့ ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းကုသမှုဆောင်ရွက်

**ညောင်ရွှေ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ အထူးကုသမားတော်ကြီးများ ပါဝင်သည့် ကုသရေးအဖွဲ့သည် ရေဘေးသင့်ပြည်သူများအတွက် ကွင်းဆင်းကုသမှုဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်က ညောင်ရွှေမြို့ ရွှေရေကျဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။



အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင် ဦးဆောင်သော တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမော်ဦး၊ တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်သိန်း၊ အထူးကုခွဲစိတ်ဆရာဝန်များ၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကုဆရာဝန်များနှင့် သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ပါဝင်ပြီး ရေဘေးသင့်ပြည်သူအထွေထွေရောဂါဝေဒနာရှင် ၇၇ ဦး၊ ခွဲစိတ်ရောဂါဝေဒနာရှင် ၂၀၊ သားဖွား/မီးယပ်ရောဂါဝေဒနာရှင် ရှစ်ဦး၊ ကလေးရောဂါဝေဒနာရှင် ၂၃ ဦး၊ သွားရောဂါဝေဒနာရှင် တစ်ဦး စုစုပေါင်းရောဂါဝေဒနာရှင် ၁၂၉ ဦးတို့အား ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❑ *ကျော့ဖုံးမှ*

ဆိပ်ကမ်းသို့ သွားရောက်စဉ် မြန်မာနိုင်ငံ ရေပိုင်နက်အထူးသီးသန့် စီးပွားရေးဇုန် (EEZ)အတွင်း ကော့သောင်းမြို့ အနောက်ဘက်ရေမိုင် ၁၂၄ မိုင်ခန့်အကွာတွင် ဖော့ပြားများဖြင့် ပြုလုပ်ထားသော ဖောင်တစ်စီးပေါ်မှ မြန်မာနိုင်ငံသား လှေလုပ်သားသုံးဦးက အကူအညီတောင်းခံလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီ ၁၂ မိနစ်တွင် ကယ်ဆယ်ခဲ့ပြီး ရေယာဉ်ပေါ်တွင် ကျန်းမာရေးစစ်ဆေး၍ အစားအသောက်နှင့် အဝတ်အထည်များ ပေးအပ်ကာ စောင့်ရှောက်ထားခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးကွပ်ကဲမှုဌာနချုပ် (MRCC)များထံသို့ သတင်းပေးပို့ခဲ့သည်။

အဆိုပါသတင်းအရ ကယ်ဆယ်ထားသူသုံးဦးနှင့် ပတ်သက်၍ စစ်ဆေးမှုပြုလုပ်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ MRCC က ဆက်သွယ်အကြောင်းကြားလာပါသဖြင့် အချိန်နှင့် တစ်ပြေးညီ M.T PVT NEPTUNE သင်္ဘောရေယာဉ်မှူးနှင့် ဆက်သွယ်မှုပြုလုပ်၍ လှေလုပ်သားများ၏ အချက်အလက်များကို တောင်းခံခြင်း၊ မြန်မာနိုင်ငံသား ဟုတ်/မဟုတ် စိစစ်အတည်ပြုခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အထောက်အထားများအရ မြန်မာနိုင်ငံသားများဖြစ်သဖြင့် မြန်မာနိုင်ငံ ရေပိုင်နက်အတွင်း လက်ခံရယူရန် ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ စစ်ရေယာဉ် တစ်စင်းစေလွှတ်ကာ ဟိုင်းကြီးကျွန်းအနီး ရေပြင်တွင် စက်တင်ဘာ ၂၅ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် စနစ်တကျလွှဲပြောင်း လက်ခံရယူခဲ့သည်။

လှေလုပ်သား သုံးဦးတို့မှာ လပွတ္တာမြို့ အောင်လှိုင်ရွာမှ ကျော်ကျော် (ခ) ကျော်ကြီး (၄၁) နှစ်၊ ဖြိုးဝေ (၂၈)နှစ်နှင့် ကျော်ပိုင်ဦး (၂၈) နှစ်တို့ ဖြစ်ကြပြီး ဟိုင်းကြီးကျွန်းရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုပေး၍ နေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ထားဝယ် စက်တင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ထားဝယ်လေဆိပ်သို့ရောက်ရှိပြီး ခရီးသည်များ ဆိုက်ရောက်၊ ထွက်ခွာအခြေအနေ၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X-ray စက်၊ CCTV များ ကောင်းမွန်မှု ရှိ၊ မရှိ၊ လေယာဉ်ပြေးလမ်းမီးအခြေအနေ၊ လေကြောင်းထိန်းမျှော်စင်၏ ဆက်သွယ်ရေးစက်များနှင့် လေကြောင်းထိန်းစနစ်များ ကောင်းမွန်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ထားဝယ်လေဆိပ်အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏အဆင့်နှင့် လျော်ညီသည့် လုပ်ငန်းတာဝန်များကို အမြဲလေ့လာသင်ယူပြီး တာဝန်ယူထားရသည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ လေဆိပ်လုံခြုံရေးကိစ္စရပ်များကို လေကြောင်းရဲတပ်ဖွဲ့များ၊ သက်ဆိုင်ရာလုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ထားဝယ်မြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

လယ်ယာသုံး စက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရ သင်တန်း အမှတ်စဉ်(၂) သင်တန်း ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ စက်မှုလယ်ယာ ဦးစီးဌာန စက်မှုလယ်ယာဇုံ သင်တန်းကျောင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်အေးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယနေ့ ကျွမ်းကျင်မှုလက်မှတ်ပေးအပ်ချီးမြှင့်ခြင်း ခံရသည့် ဒေသအသီးသီးမှ သင်တန်းသားများသည် စက်မှုလယ်ယာကူးပြောင်းရေးတွင် အဓိကအရေးပါသည့် ပုဂ္ဂိုလ်များဖြစ်ပြီး စွမ်းရည်မြင့်မားသည့် စက်မှုလယ်ယာ ကျွမ်းကျင်လုပ်သားများမှသည် ခေတ်မီနည်းပညာမြင့် လယ်ယာသုံးစက်ကိရိယာ အသိပညာ၊ အတတ်ပညာများကို ဆက်လက်လေ့လာ အသုံးချနိုင်စွမ်းရှိသည့် ကျွမ်းကျင်ပညာရှင်များ ဖြစ်သည်အထိ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

လယ်ယာကဏ္ဍတွင် စက်မှုတပ်ဆင်ရာ၌ အရည်အချင်းပြည့်မီသူများကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် အဆိုပါသင်တန်းကို သင်တန်းကာလ တစ်နှစ်ကြာ ဖွင့်လှစ်သင်ကြားပြီး မြန်မာနိုင်ငံ၏ ပညာရေးအရည်အသွေးစံသတ်မှတ်ချက်မူဘောင် MNQF (Myanmar National Qualification Framework)အဆင့်(၄)ရှိ ကျွမ်းကျင်မှုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ ကင်းတားဆည်ရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီး အထက်ပိုင်း၊ လက်တံ-၄ အထက်ပိုင်း စိုက်ပျိုးရေပေးဝေမှု အခြေအနေများနှင့် ရေတိုက်စားထိခိုက်ခဲ့သည့် လက်ဝဲတူးမြောင်းမကြီး အောက်ပိုင်း၊ လက်တံ -၄အောက်ပိုင်း၊ လက်တံ-၈ တို့တွင် ပြန်လည်ပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် တူးမြောင်းရေသောက်စနစ်များ အချိန်မီပြုပြင် ဆောင်ရွက်နိုင်ရေး၊ ဆည်ရေသောက်ဧရိယာအတွင်းရှိ ထိခိုက်ပျက်စီးမှုမရှိသည့် လယ်ယာမြေများကို အမြန်ဆုံးစိုက်ပျိုးရေပေးဝေနိုင်ရေး၊ ရေလှောင်တမံအတွင်း စိုက်ပျိုးရေပိုမိုသိုလှောင်ထားရှိသည့်အတွက် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် သာစည်မြို့နယ် စမုံချောင်းပေါ်ရှိ စမုံရေထိန်းတမံသို့ရောက်ရှိပြီး ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် အပိုင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ အသေးစိတ် တိုင်းတာတွက်ချက်မှုများ ဆက်လက်ပြုလုပ်ပြီး ဒီဇိုင်းပုံစံများရေးဆွဲ၍ ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**ပုသိမ် စက်တင်ဘာ ၂၈**

ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ ပဥ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ်ဒေါ်ခင်ခင်နွယ်က ပဥ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ဆွေးနွေးတင်ပြချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၏ ညွှန်ကြားချက်များအား တိုင်းဒေသကြီး ဥပဒေအရာရှိက ထပ်ဆင့်ရှင်းလင်း ဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့သည်။



အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ **ခရိုင် (ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က အမှတ်(၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ဂုံးချိန်ကျေးရွာရှိ ပေါ်တော်မူကံ့ကော်တောဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှတ်(၆)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ဝင်းမြင့်ထွန်းနှင့် အမှတ်(၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးမြင့်တို့ ကြည့်ရှုအားပေးစဉ်။ တင်ထွန်းဦး (ပြန်/ဆက်)

# ဥတ္တရသီရိမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ အသိပညာပေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈) ခုနှစ်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ (ခရိုင်အဆင့်) အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့က အမှတ် (၁၂)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်း၊ ခရိုင်ဥပဒေရုံးမှ ဦးစီးမှူး ဦးကျော်ဌေး၊ ခရိုင် ရွေးကောက်ပွဲ ကော်မရှင်ရုံး ဦးစီးမှူး ဒေါ်အိခိုင်သဇင်ထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးတို့က ဆန္ဒမဲပေးကြမည့် လူငယ်မဲဆန္ဒရှင်များနှင့် ပတ်သက်၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈) ခုနှစ်ပါ အကြောင်းအရာများကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များပါ အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## အစ္စရေးလေကြောင်းတိုက်ခိုက်မှု ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဟတ်ဆန်နက်စ်ရယ်လာ သေဆုံး

**ဂျေရုဆလင် စက်တင်ဘာ ၂၈**

လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့ တည်နေရာကို ပစ်မှတ်ထားတိုက်ခိုက်သည့် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟတ်ဆန်နက်စ်ရယ်လာ သေဆုံးသွားကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်) က စက်တင်ဘာ ၂၈ ရက်က ထုတ်ပြန်သည်။

လေကြောင်းတိုက်ခိုက်မှု အများအပြားလုပ်ဆောင်ရာတွင် ဟစ်ဇ်ဘိုလာတောင်ပိုင်းတပ်မှူး အလီခါကီအပါအဝင် စစ်သွေးကြွအဖွဲ့၏ အခြားသော တပ်မှူးများလည်း သေဆုံးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ထောက်လှမ်းရေးနှင့် ကာကွယ်ရေး စနစ်၏တိကျသော ထောက်လှမ်းသတင်းပေးမှုများအရ အစ္စရေးလေတပ်၏ တိုက်လေယာဉ်များက ဘေရွတ်မြို့ ဆင်ခြေဖုံးဒါဟီမှ နေအိမ်အဆောက်အအုံအောက် မြေအောက်တွင်တည်ရှိသည့် ဟဇ်ဘိုလာတို့၏ ဗဟိုဌာနချုပ်တွင် ၎င်းအဖွဲ့၏ ထိပ်တန်းတပ်မှူးများရှိနေစဉ် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးတပ်ဖွဲ့က စက်တင်ဘာ ၂၃ ရက်ကတည်းက လက်ဘနွန်နိုင်ငံတစ်ဝန်း လေကြောင်းတိုက်ခိုက်မှုများ အပြင်းအထန်ပြုလုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်း ဒေသတွင်းအကြီးဆုံးသော စစ်ဆင်ရေးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အစ္စရေးတပ်မတော် လေယာဉ်များက လက်ဘနွန်တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ ဟစ်ဇ်ဘိုလာတပ်ဖွဲ့ တည်နေရာများနှင့် မြို့ရွာများကို စက်တင်ဘာ ၂၈ ရက် နံနက်အစောပိုင်းကတည်းက လေကြောင်း တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး လက်ဘနွန်တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု အကြိမ် ၁၀၀ ကျော်နှင့် အရှေ့ပိုင်းရှိ မြို့ရွာ ၅၀ ခန့်ကို လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။



**ဆင်ဟွာ**



## တင်နက်ဆီ ပြည်နယ်၌ ရေဝိုင်းနေသည့် ဆေးရုံခေါင်မိုးပေါ်မှ ၅၄ ဦးကို ကယ်တင်

**ဟူစတန် စက်တင်ဘာ ၂၈**

အမေရိကန် ပြည်ထောင်စု တင်နက်ဆီပြည်နယ် တောင်ပိုင်းရှိ ရေဝိုင်းနေသည့် ဆေးရုံခေါင်မိုးပေါ်တွင် သောင်တင်နေသည့် လူ ၅၄ ဦးကို စက်တင်ဘာ ၂၇ ရက်က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံ တောင်ပိုင်းဒေသများသို့ အပူပိုင်းမုန်တိုင်း ဟယ်လင်နာ ဝင်ရောက်ပြီးနောက် ယခုလို အဖြစ်အပျက်နှင့် ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ဆေးရုံအတွင်းသို့ ရေများလျှင်မြန်စွာ ဝင်ရောက်လာပြီးနောက် ဆေးရုံအနီးသို့ အသက်ကယ်လှေများကို အာဏာပိုင်များက မပို့ဆောင်နိုင်သေးမီ ဆေးရုံခေါင်မိုးပေါ်သို့ ရဟတ်ယာဉ် ဆင်းသက်သွားသည်ကို စောင့်ကြည့်နေခဲ့ကြောင်း ရဲတစ်ဦးဖြစ်သူ မိုက်ဟက်စလေက မီဒီယာများသို့ ပြောသည်။

အခြေအနေမှာ ဆိုးရွားနေသည့်အတွက် ၎င်းတို့ဆီသို့ လှေများမပို့နိုင်ကြောင်း၊ ဆေးရုံအနီးတစ်ဝိုက် ရေများ လျှင်မြန်စွာ ဝင်ရောက်လာပြီး လေများလည်း ကြမ်းနေကြောင်း ၎င်းက ဆက်ပြောသည်။ အဆင့်လေးရှိသော ဟာရီကိန်းမုန်တိုင်း ဟယ်လင်နာသည် စက်တင်ဘာ ၂၆ ရက်က ဖလော်ရီဒါသို့ ဝင်ရောက်ခဲ့သည်။

အဆိုပါ မုန်တိုင်းကြောင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံမှ ၂၆ ဘီလီယံအထိ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း ဖလော်ရီဒါ၊ ဂျော်ဂျီယာ၊ မြောက်ကာရိုလိုင်းနား၊ တောင်ကာရိုလိုင်းနားနှင့် အလာဘားမားတို့၌ ဟာရီကိန်းမုန်တိုင်း မကျရောက်မီကတည်းက အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## နီပေါနိုင်ငံတစ်ဝန်း ရေကြီးမြေပြိုမှုများကြောင့် ၅၉ ဦး သေဆုံးပြီး ၃၆ ဦး ပျောက်ဆုံးနေ

**ခတ္တမန္ဒူ စက်တင်ဘာ ၂၈**

နီပေါနိုင်ငံတွင် စက်တင်ဘာ ၂၈ ရက်က မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမြေပြိုမှုများကြောင့် ၅၉ ဦးထက်မနည်းသေဆုံးပြီး အခြား ၃၆ ဦး ဒဏ်ရာရရှိကာ ၄၄ ဦး ပျောက်ဆုံးလျက်ရှိသည်။

ခါဗရွတ်ပလန်ချော၊ လာလစ်ပူရ် နှင့် ဒန်ခူတာခရိုင်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီးနောက် နေအိမ်များပြိုကျခြင်းနှင့် မြေပြိုမှုများကြောင့် သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။

စက်တင်ဘာ ၂၇ ရက်မှစ၍ ရေကြီးမြေပြိုမှု ဖြစ်စဉ်ပေါင်း ၁၇၅ ခုထက်မနည်း ဖြစ်ပွားခဲ့ပြီး အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒန်ဗဟာဒူးခါကီက ပြောကြားသည်။

ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး လူဦးရေ ၄၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရမှုနှင့်အတူ ခတ္တမန္ဒူအပါအဝင် ဒေသအများစုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့ရပြီး မြေပြိုမှုများကြောင့် လမ်းအများအပြားလည်း ပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိကြောင်း ခါကီက ပြောသည်။

နီပေါမိုးလေဝသနှင့် ဇလဗေဒဌာနကြီးမှူးဦးစီးဌာနမှ စက်တင်ဘာ ၂၉ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းဖွယ်ရှိသေးကြောင်း ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**




နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ ရပ်ကွက်တစ်ခု၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနေစဉ်။

## အိန္ဒိယနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ တတိယမြောက်လူနာတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၂၈**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၂၇ ရက်က မျောက်ကျောက်ရောဂါဖြစ်ပွားသူတစ်ဦးကို ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်းရောဂါဖြစ်ပွားသူဦးရေမှာ သုံးဦးရှိလာပြီဟု သိရသည်။ ကီရာလာပြည်နယ်၌ အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦးမှာ မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း အတည်ပြုထားပြီး ယခုအချိန်အထိ ပြည်နယ်အတွင်း ဒုတိယမြောက် ကူးစက်ခံရသူဟု အစိုးရပိုင်ရုပ်သံလွှင့်ဌာနဖြစ်သည့် (အေအိုင်အာ) ၏ ဖော်ပြချက်အရ သိရသည်။

၎င်းမှာ နိုင်ငံခြားမှ ကိုချီသို့ပြန်လာသူဖြစ်ပြီး ကုသမှုခံယူရန် ပုဂ္ဂလိကဆေးရုံသို့ ပို့ဆောင်ပေးထားသည်။ ၎င်း၏ခန္ဓာကိုယ်မှ ထွက်သည့်အရည်များကို စစ်ဆေးကြည့်ရာ ရောဂါကူးစက်ခံထားရကြောင်း အတည်ပြုနိုင်ခဲ့သည်။ ကျန်းမာရေးဌာနသည် ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့မှုရှိသူများကို စာရင်းပြုစုထားပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရောဂါလက္ခဏာပြသူများအနေဖြင့် အခြားသူများ ကူးစက်မှုမရှိစေရေး လုပ်ဆောင်သင့်သည်ဟု ကီရာလာပြည်နယ်ကျန်းမာရေးဝန်ကြီး ဗီနာဂျော်ဂျီက ပြောသည်။

နိုင်ငံခြားတိုင်းပြည်များမှ ပြန်လာသူများ ကုသမှုခံယူပြီး ရောဂါလက္ခဏာများပြသလာပါက ကျန်းမာရေးဌာနသို့ အကြောင်းကြားသင့်ကြောင်း ၎င်းကဆက်ပြောသည်။ မျောက်ကျောက်ရောဂါကို အပြည်ပြည်ဆိုင်ရာ စိုးရိမ်ဖွယ်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ဩဂုတ်လအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံတစ်ဝန်း မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၃၀ ရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အရှေ့အာဖရိကနှင့် ဗဟိုအာဖရိကတွင် စားရေရိက္ခာမဖူလုံသူပေါင်း ၈၂ ဒသမ ၂ သန်းအထိရှိဟုဆို

**နိုင်ရိုဘီ စက်တင်ဘာ ၂၈**

အရှေ့အာဖရိကနှင့် ဗဟိုအာဖရိကတွင် စားရေရိက္ခာမဖူလုံသူ အရေအတွက်ပေါင်း ၈၂ ဒသမ ၂ သန်းအထိရှိကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေး အာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ) က ပြောသည်။


၎င်းတို့အနက် လူပေါင်း ၅၄ ဒသမ ၇ သန်းမှာ ဆူဒန်နိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့တွင် နေထိုင်ကြကြောင်း၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများနှင့် ဘေးအန္တရာယ်များကြောင့် စားရေရိက္ခာ မလုံလောက်မှု ပိုမိုဆိုးရွားလာကြောင်းလည်း သိရသည်။

အိုင်ဂျီအေဒီ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အီသီယိုးပီးယား၊ အီရီထရီးယား၊ ဂျီဘူတီ၊ ကင်ညာ၊ ဆိုမာလီယာ၊တောင်ဆူဒန်၊ ဆူဒန်နှင့် ယူဂန်ဒါနိုင်ငံတို့တွင် နေရပ် စွန့်ခွာလာသူပေါင်း ၂၉ သန်းကျော်ရှိကြောင်း၊ မိုးခေါင်မှုကြောင့် စားရေရိက္ခာ မဖူလုံမှုအခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်သည်ဟု ဆိုသည်။ **ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် Anonymous Force အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခိုးပြတိုက်လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။




၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ငုဝါမြိုင်လမ်းရှိ ရစဖရုံး၌ ရစဖမှူး ဦးကြည်ထွန်း၊ ရာအိမ်မှူး ဦးဆွေမြင့်အောင်နှင့် ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ) သားကြီးတို့သုံးဦးသည် ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ် (စိစစ်ဆဲ) ကျား လေးဦးမှ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ ရစဖမှူးနှင့် ရာအိမ်မှူးတို့ သေဆုံးခဲ့ပြီး ရုံးအကူမှာ မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများကြောင့် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၇၂)ရပ်ကွက် ဇီဇဝါလမ်းတွင် တရားခံ ကျော်စွာအောင်(ခ) ကျော်စွာအား လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၇၁) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် တင်ဝင်း(ခ)ဝင်းချိုအား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ တင်ဝင်း(ခ)ဝင်းချို၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၂) ရပ်ကွက် (၈၅)လမ်း၌ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒ၊ ၎င်းနှင့်တရားမဝင်ပေါင်းသင်းနေထိုင်သူ ယုနန္ဒာစိုးတို့ နှစ်ဦးကို လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ် ကျွဲပွဲဘူတာ၌ ခင်မောင်ဌေး(ခ) ကျန်ကျောင်းကို လည်းကောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက် အိမ်အမှတ်(၃၁၉)တွင် ရဲရင့်အောင်(ခ)ကိုရဲ(ခ) တင်ထွန်းကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ရဲရင့်အောင် (ခ)ကိုရဲ(ခ) တင်ထွန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် ဒဂုံရောအဝေးပြေး ကားဝင်းအတွင်း၌ ထက်ကြီး(ခ) ကျော်ကြီး၊ အာကာဖြိုး(ခ) အောင်မင်းခန့်နှင့် လှိုင်းထက်အောင်တို့ သုံးဦးကို Sigsa-uer ပစ္စတိုသေနတ် တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမ ကျည်တောင့် ၂၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇) ရပ်ကွက်၌ နေလင်း၊ တင်လှနှင့် မြင့်ကျော်တို့ သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့အား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျား ၁၁ ဦး၊ မ တစ်ဦးတို့အား Sigsauer ပစ္စတိုသေနတ် တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမကျည်တောင့် ၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလခန့်တွင် တရားခံ ရဲရင့်အောင်(ခ)ကိုရဲ(ခ)တင်ထွန်း၊ ထက်ကြီး (ခ) ကျော်ကြီးနှင့် အာကာဖြိုး (ခ) အောင်မင်းခန့်တို့သည် KNLA တပ်မဟာ(၂) နယ်မြေသို့သွားရောက်၍ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းအား တစ်လတက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဆင်းပြီးနောက် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန်အတွက် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်၍ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ရဲရင့်အောင်(ခ) ကိုရဲ(ခ) တင်ထွန်း ခေါင်းဆောင်၍ ခင်မောင်ဌေး(ခ) ကျန်ကျောင်း၊ ထက်ကြီး(ခ) ကျော်ကြီး၊ အာကာဖြိုး(ခ) အောင်မင်းခန့်၊ လှိုင်းထက်အောင်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒ၊ ဖမ်းဆီးရန်ကျန်တရားခံ **ဖြိုးဇင်အောင်** တို့ပါဝင်သော အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများအား KNLA တပ်မဟာ(၇)တွင် ခိုအောင်းနေထိုင်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး (ခ) မှုံကြီး** မှ ပေးပို့ခဲ့ခြင်းဖြစ်ပြီး ထက်ကြီး(ခ)ကျော်ကြီးနှင့် ယုနန္ဒာစိုး တို့ထံတွင် သိုဝှက်သိမ်းဆည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး(ခ)မှုံကြီး** မှ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ရန်ကုန်မြို့အတွင်း၌ ဒလန်ရှင်းလင်းရေးအကြောင်းပြကာ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်မတိုင်မီကာလတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ်(၁၀၇) ရပ်ကွက်၌ တရားခံ မြင့်ကျော်သည် ရစဖမှူးအဖြစ် လည်းကောင်း၊ တရားခံ ခင်မောင်ဌေး(ခ) ကျန်ကျောင်းနှင့် နေလင်းတို့သည် ရစဖရုံးစာရေးများအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သဖြင့် လက်ရှိ ရစဖမှူးနှင့် ရစဖရုံးစာရေးများအပေါ် ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများရှိနေသဖြင့် ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၁၀၇)ရပ်ကွက် ရစဖမှူးနှင့် ရာအိမ်မှူးတို့အား လုပ်ကြံသတ်ဖြတ်ရန် မြင့်ကျော်၊

*စာမျက်နှာ ၁၅ သို့*




၂၀-၉-၂၀၂၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် ရစဖမှူး ဦးကြည်ထွန်း(၆၇) နှစ်နှင့် ရာအိမ်မှူး ဦးဆွေမြင့်အောင် (၆၀) နှစ်။



ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ) သားကြီး(၄၆)နှစ် (မစိုးရိမ်ရ)



၁၃ - ၅ - ၂၀၂၄ ရက်က ပစ်ခတ်ခံရမှုကြောင့် သေဆုံးသည့် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သူ(၂၄)နှစ်။

*စာမျက်နှာ ၁၄ မှ*
နေလင်း၊ တင်ဝင်း(ခ) ဝင်းချိုနှင့် တင်လှတို့က လုပ်ကြံသတ်ဖြတ်မှု မတိုင်မီ တစ်ပတ်ခန့်ကြိုတင်၍ Scout ကြည့်ရှုခဲ့ကြောင်း၊ ၎င်းနောက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ခင်မောင်ဌေး(ခ) ကျန်ကျောင်း၊ ကျော်စွာအောင်(ခ) ကျော်စွာ၊ အာကာဖြိုး(ခ) အောင်မင်းခန့်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒတို့ လေးဦးသည် မော်တော်ယာဉ်ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ငုဝါမြိုင်လမ်းရှိ ရစဖရုံးသို့ သွားရောက်ခဲ့ပြီး အာကာဖြိုး (ခ)အောင်မင်းခန့်နှင့် အောင်မင်းခန့် (ခ)ကျော်ကျော်နန္ဒတို့မှ ရစဖမှူး ဦးကြည်ထွန်း၊ ရာအိမ်မှူး ဦးဆွေမြင့်အောင်နှင့် ရုံးအကူ ဦးမျိုးမြင့်ထွန်း(ခ) သားကြီးတို့အား ပစ္စတိုဖြင့် ၁၄ ချက်ပစ်ကာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် ၎င်းတို့နှင့် ပုဂ္ဂိုလ်ရေးအရ အဆင်မပြေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု(၁)ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု (၁)ကြိမ် ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

❖ ၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်တွင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သူအား ဒလန်ဟုစွပ်စွဲ၍ အာကာဖြိုး(ခ) အောင်မင်းခန့်၊ အောင်မင်းခန့်(ခ)ကျော်ကျော်နန္ဒတို့က ပစ္စတိုဖြင့် အကြောင်းမဲ့လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် ထက်ကြီး(ခ) ကျော်ကြီးနှင့် လျှန်းထက်အောင်တို့ နှစ်ဦးက Scout ကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇွန်လ ပထမပတ်တွင် အာကာဖြိုး(ခ)အောင်မင်းခန့်၊ အောင်မင်းခန့်(ခ) ကျော်ကျော်နန္ဒတို့က လက်ပစ်ဗုံးနှစ်လုံးဖြင့် ကမာရွတ် မြို့မရဲစခန်းအား ပစ်ခတ် ဖောက်ခွဲခဲ့ရာတွင် ထက်ကြီး(ခ)ကျော်ကြီးနှင့် လျှန်းထက်အောင်တို့ နှစ်ဦးက Scout ကြည့်ရှုပေးခဲ့ကြောင်း။


Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများ။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံ **မှတ်ကြီး(ခ) မှုံကြီး** မှ လုပ်ကြံ သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့အား Kpay မှတစ်ဆင့် လုပ်ကြံသတ်ဖြတ်မှုနှင့် အကြမ်းဖက်မှု တစ်ကြိမ်လျှင် ငွေကျပ်သိန်း ၃၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသောငွေကြေးများအား Anonymous Force အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ရဲရင့်အောင်(ခ)ကိုရဲ(ခ)တင်ထွန်းက ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက် ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား လျှို့ဝှက်ပေးထား၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်သွားပို့သည့် ဖခင်နှင့် လေးနှစ်အရွယ်သမီးငယ်တို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်နှင့် သမီးငယ်တို့ နှစ်ဦးသည် ကျေးရွာရှိ တောရဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ရန် သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ဖခင်ဖြစ်သူနှင့် အသက် လေးနှစ်အရွယ် သမီးတို့ သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ အမျိုးသားတစ်ဦးသည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်း၏သမီးဖြစ်သူ အသက် လေးနှစ်အရွယ် သမီးဖြစ်သူနှင့်အတူ တောရဘုန်းတော်ကြီးကျောင်းသို့ဆွမ်းချိုင့်သွားရောက် ပို့ဆောင်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်ယုတ်မာစွာ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ သားအဖနှစ်ဦးစလုံး လက်နက်ငယ် ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။


PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးခဲ့သည့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးငယ်တစ်ဦးတို့ကို တွေ့ရစဉ်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လူမဆန်စွာ ရက်စက်ယုတ်မာသောလုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို သတင်းသုံးသပ်ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အဖွဲ့များ ဖြစ်သည့် CRPH နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့ခိုအောင်းလှုပ်ရှားနေသည့် ဒေသများတွင် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မြို့၊ ရွာများ အတွင်း ဝင်ရောက်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို အဆင်အခြင်မဲ့စွာ လုပ်ဆောင်လျက်ရှိသည်။ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ ကလေးငယ်များပါမချန် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းအပေါ် ဒေသခံပြည်သူများက ရွံ့ရှာစက်ဆုပ်မုန်းတီးလျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များပေါ် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှု (Counter-Terrorism Operation) ဆောင်ရွက်ရာတွင် အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ ဖခင်ဖြစ်သူနှင့် အသက်လေးနှစ်အရွယ် သမီးငယ်တစ်ဦး သေဆုံးခဲ့မှု ဖြစ်စဉ်ပြပုံ။


*✻ ကျောဖုံးမှ*

ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့် လည်းကောင်း အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

၁-၁၀-၂၀၂၄ ရက်နေ့မှ ၅-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ရေပိုလျှံမှု ရေကျော်နေသည့် တမံများ၏ အခြေအနေ (၂၈.၉.၂၀၂၄)ရက်နေ့ (၀၆ : ၀၀) နာရီ


| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၇.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၂၈.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော်ခဲ့သည့် အမြင့် (ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၇၀ | ၆၃.၆၀ | -၀.၁၀ | ၀.၆၀ | ၇.၄၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၉.၀၀ | ၀.၀၀ | ၂.၀၀ | ၉.၀၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၅၀ | ၆၄၃.၀၀ | ၀.၅၀ | ၂.၅၀ | ၁၇.၀၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၂၀ | -၀.၁၀ | ၀.၂၀ | ၈.၈၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၆၀ | ၁၅၆.၄၀ | -၀.၂၀ | ၀.၄၀ | ၇.၆၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၁၀ | ၇၀.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ | ။ |
| ၁၂ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၉၃ | ၂၀၂.၇၇ | -၀.၁၆ | ၁.၃၂ | ၁၈.၃၇ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၃ | ကန်ကြီးကုန်း | ပြည်/ပြည် | ၃၀၀.၀၀ | ၃၁၀.၀၀ | ၃၀၀.၁၀ | ၃၀၀.၀၂ | -၀.၀၈ | ၀.၀၂ | ၉.၉၈ | ၃၀၂.၈၀ | ၂.၈၀ | ၉.၉.၂၀၀၂ | ။ |
| ၁၄ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၄၀ | ၁၉၄.၃၀ | -၀.၁၀ | ၁.၃၀ | ၉.၂၀ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၅ | ခဝါ | ပြည်/ပန်းတောင်း | ၂၃၀.၀၀ | ၂၄၀.၀၀ | ၂၃၀.၅၀ | ၂၃၀.၃၀ | -၀.၂၀ | ၀.၃၀ | ၉.၇၀ | ၂၃၉.၅၀ | ၉.၅၀ | ၁၁.၆.၂၀၁၁ | ။ |
| ၁၆ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၈.၀၀ | ၂၅၇.၇၅ | -၀.၂၅ | ၂.၇၅ | ၁၂.၂၅ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၇ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၃၀ | ၂၆၆.၀၀ | -၀.၃၀ | ၁.၀၀ | ၁၄.၀၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၈ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၇၅ | ၁၅၁.၆၀ | -၀.၁၅ | ၁.၆၀ | ၈.၄၀ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၉ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၅၀ | ၂၃၆.၃၀ | -၀.၂၀ | ၂.၃၀ | ၉.၇၀ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၀ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၅.၀၀ | ၆၈၄.၆၀ | -၀.၄၀ | ၁.၆၀ | ၂၁.၉၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၂၁ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၆၀ | ၁၀၁၂.၃၀ | -၀.၃၀ | ၂.၃၀ | ၁၇.၇၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၂၁ | ။ |
| ၂၂ | ဝန်ချောင်း(ကဇွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၇၀ | ၄၁၀.၅၀ | -၀.၂၀ | ၀.၅၀ | ၉.၅၀ | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၂၃ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၇၀ | ၇၆၁.၄၀ | -၀.၃၀ | ၁.၄၀ | ၁၈.၆၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၄ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၆.၂၀ | ၅၂၅.၅၀ | -၀.၇၀ | ၅.၅၀ | ၃၄.၅၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၅ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၂၀ | ၆၂၆.၁၀ | -၀.၁၀ | ၁.၁၀ | ၁၃.၉၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၆ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၃၀ | ၆၀၂.၂၀ | -၀.၁၀ | ၀.၂၀ | ၇.၈၀ | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ | ။ |
| ၂၇ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၇.၆၀ | ၃၄၆.၅၀ | -၁.၁၀ | ၆.၅၀ | ၃၄.၀၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၈ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၁.၁၀ | ၄၂၀.၉၀ | -၀.၂၀ | ၀.၉၀ | ၁၇.၁၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၉ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၃၀ | ၄၉၅.၂၀ | -၀.၁၀ | ၀.၂၀ | ၁၂.၈၀ | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၃၀ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၀.၀၀ | ၄၃၅.၄၀ | ၄၃၅.၁၀ | -၀.၃၀ | ၁.၁၀ | ၁၅.၉၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၁ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၂၀ | ၀.၀၀ | ၀.၂၀ | ၇.၃၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၃၂ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၂၀ | ၇၈၈.၁၀ | -၀.၁၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၃၃ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၄၀ | ၇၂၂.၃၀ | -၀.၁၀ | ၀.၃၀ | ၁၂.၇၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| ၃၄ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၃၀ | ၆၄၅.၂၀ | -၀.၁၀ | ၀.၂၀ | ၁၂.၈၀ | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ | ။ |
| ၃၅ | ပင်းချောင်း | ညောင်ဦး/ ကျောက်ပန်းတောင်း | ၇၉၀.၀၀ | ၈၀၃.၀၀ | ၇၉၀.၂၀ | ၇၉၀.၁၀ | -၀.၁၀ | ၀.၁၀ | ၁၂.၉၀ | ၇၉၂.၇၀ | ၂.၇၀ | ၂၂.၉.၂၀၀၂ | ။ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

| စဉ် | ရေလှောင်တမံ/ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်ရေမှတ် (ပေ) | တမံထိပ်ပြင်မြင့်အမှတ် (ပေ) | (၂၇.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၂၈.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော်အမြင့် (ပေ) | တမံထိပ်ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံးရောက်ရှိခဲ့သည့်ရေမှတ် (ပေ) | အမြင့်ဆုံးရေကျော်ခဲ့သည့်အမြင့် (ပေ) | အမြင့်ဆုံးရေမှတ်ရောက်ရှိခဲ့သည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **နေပြည်တော်** | | | | | | | | | | | |
| ၃၆ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၇.၄၂ | ၆၂၇.၃၂ | -၀.၁၀ | ၃.၉၃ | ၃၈.၇၂ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၇ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၂၀ | ၅၃၅.၁၀ | -၀.၁၀ | ၀.၁၀ | ၁၉.၉၀ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၃၈ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၃၀ | ၉၆.၅၀ | ၀.၂၀ | ၀.၅၀ | ၉.၀၀ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၉ | ကဇိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၄၅ | ၅၈.၄၀ | -၀.၀၅ | ၀.၄၀ | ၉.၆၀ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၄၀ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၁ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၇.၅၅ | ၂၁၇.၃၀ | -၀.၂၅ | ၁.၃၀ | ၈.၇၀ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၂ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၅၀ | ၁၀၉.၃၅ | -၀.၁၅ | ၂.၃၅ | ၁၀.၆၅ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၄၃ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၆၀ | ၁၉၆.၅၀ | -၀.၁၀ | ၁.၅၀ | ၈.၅၀ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၄၄ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၆.၉၀ | ၂၁၂၇.၃၀ | ၀.၄၀ | ၂.၃၀ | ၁၂.၇၀ | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၄၅ | မြို့ကြီး | တောင်ကြီး/ရွာငံ | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၂.၇၀ | ၆၉၂.၅၅ | -၀.၁၅ | ၃.၅၅ | ၂၁.၄၅ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၄၆ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၇ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၈.၀၀ | ၂၇၇.၉၀ | -၀.၁၀ | ၀.၉၀ | ၉.၁၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၈ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၇၀ | ၃၁၆.၅၀ | -၀.၂၀ | ၁.၅၀ | ၁၃.၅၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၉ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၂.၅၀ | ၂၆၁.၇၀ | -၀.၈၀ | ၁.၇၀ | ၁၃.၃၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၅၀ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၉၀.၅၀ | ၂၈၉.၇၀ | -၀.၈၀ | ၁.၇၀ | ၁၈.၃၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၇.၂၀ | ၂၉၀၇.၁၀ | -၀.၁၀ | ၂.၁၀ | -၂.၁၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ (၅၀) ခုနှင့် ကန် (၁) ခု၊ စုစုပေါင်း (၅၁) ခု ဖြစ်ပါသည်။
ယခင်နေ့နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၅၂) ခုထက် ဘောနီနှင့် ပုလင်းရေလှောင်တမံ (၂) ခု လျော့နည်းခြင်းဖြစ်ပါသည်။




၂၀၂၄ ခုနှစ်၊ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမှ ဆုတ်ခွာသည့် ရက်များပြပုံ

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၈**

"လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။" **မိုး/ဇလ**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်ဆက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အရေပြားအထူးကုဆရာဝန်ကြီး ဒေါ်လဲ့ရည်ကိုနှင့် အုတ်တွင်းမြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးတို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝတီးကျေးရွာဘုန်းကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများကို ကွင်းဆင်းဆေးကုသပေးစဉ်။ (၂၁၂)



## ရေဘေးသင့်တိုင်းဒေသကြီးများသို့ ဆန်ရိက္ခာများ ဒုတိယအကြိမ်ထောက်ပံ့ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၈**

နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများသို့ အရေးပေါ်ဆန်ရိက္ခာအစီအစဉ်(APTERR) အစီအစဉ် (၃)ဖြင့် လှူဒါန်းထားသော အရန်ဆန်ရိက္ခာများကို ရေဘေးသင့်ဒေသများဖြစ်သည့် ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ မန္တလေး တိုင်းဒေသကြီးတို့သို့ ပို့ဆောင်ထောက်ပံ့ပေးလျက်ရှိသည်။

ယင်းသို့ထောက်ပံ့ပေးရာတွင် ယနေ့နံနက်မှစ၍ သန်လျင်သိုလှောင်ရုံမှ တိုင်းဒေသကြီးလေးခုသို့ စနစ်တကျရောက်ရှိရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး (အဖွဲ့ခေါင်းဆောင်) ဦးတင့်နိုင် ကြီးကြပ်၍ တိုင်းဒေသကြီးလေးခုအတွက် ဆန်အိတ်ပေါင်း ၂၄၀၆၇ အိတ်ကို ထုတ်ပေးလျက်ရှိသည်။

ယနေ့ဆန်ထောက်ပံ့မှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်တွင် ရေဘေးသင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ ရခိုင်၊ ရှမ်းပြည်နယ်တို့ကို ဆန်အိတ်ပေါင်း ၆၁၁၈၂၂၅အိတ် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မိုးရွာ စက်တင်ဘာ ၂၈**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းတို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းရှိ ချယ်ရီမြိုင်ခန်းမ၌ကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသားလူငယ်များအတွက် စာပေဖတ်ရှုသည့် အဝန်းအဝိုင်းအား ဖော်ဆောင်ပေးရာတွင် စာသင်ကျောင်းတိုင်းတွင် စာကြည့်တိုက်များ ထားရှိပေးရမည်ဖြစ်ကြောင်း၊ ကျောင်းစာကြည့်တိုက်များအပြင် ရပ်ကွက်၊ ကျေးရွာများတွင် ဖွင့်လှစ်ထားရှိသည့်စာကြည့်တိုက်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များသို့ ကျောင်းသားလူငယ်များ သွားရောက်စာပေဖတ်ရှုကြရန် ဆရာ၊ မိဘနှစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအားအကျိုးပြုမည့် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လဟယ်မြို့နယ် ပညာရေးမှူးထံ လဟယ်မြို့ပေါ်ရှိ အခြေခံပညာကျောင်း ငါးကျောင်း၏ ကျောင်းစာကြည့်တိုက်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ပေးအပ်ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျပန်းစကားပြောပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ လှည့်လည်ကြည့်ရှု

**လွိုင်ကော် စက်တင်ဘာ ၂၈**

ကယားပြည်နယ်အစိုးရအဖွဲ့သည် ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုများအတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးလျက် ရှိနေသည်။ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး ယခုနှစ် ဒီဇင်ဘာလတွင် သင်တန်းများ အားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ရုံးခန်း၊ လက်တွေ့ခန်း၊ စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာများ ပြင်ဆင်နေမှုများကို ကျောင်းဖွင့်အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုကာ ဝန်ထမ်းများ အလုပ်ခွင်မပျက် တာဝန်ထမ်းဆောင်နိုင်ရေး ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ဆောင်ရွက်ရန်နှင့် အစည်းအဝေးခန်းမ တိုးချဲ့ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌ ပညာသင်ကြား နေကြသော ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးနှင့် ခရိုင်နှင့်မြို့နယ်ပညာရေးမှူးရုံးများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဥတ္တရာရုံတံတား ရေဝင်ရောက်မှု အခြေအနေများနှင့် တံတားကြံ့ခိုင်မှုများ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် သာသနာ့ဗိမာန်တော်ရှိ ရေဘေးသင့်ကယ်ဆယ်ရေး စခန်းတွင် နယ်မြေခံတပ်မတော် ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ထိခိုက်ပျက်စီးမိုးစပါးများ ပြန်လည်ထွန်ယက်စိုက်ပျိုးနေမှုကြည့်ရှု

**ဘားအံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ရပ်ကွက်နေပြည်သူများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ပေါ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ နိဗ္ဗိန္ဒကျောင်းတိုက်၊ မိုးကယ်ကျောင်းတိုက်၊ ထောင်ဝိသာသနာ့ရံသီကျောင်းတိုက်၊ ဖွဲလင်းသာယာသံသရာငြိမ်းအေးကို ကလယ်ကျောင်းတိုက် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဌာနဆိုင်ရာဝန်ထမ်း ၈၅၀ ကျော်ဖြင့် ရေကြီးရေလျှံမှု ဖြစ်ပွားပြီးချိန်တင်ကျန်ရစ်ခဲ့သည့် သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်းနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၈) ရပ်ကွက် ကွင်းအမှတ် (၁၁၈၄) ထောင်ဝိကွင်း၌ ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် စိုက်ပျိုးပြီးမိုးစပါးများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် တောင်သူများ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ ထောင်ဝိကွင်း ကုန်ထုတ်လမ်း ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ရဲသာ(ကမော့ကစင်) ကျေးရွာအုပ်စုရှိ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမိုးစပါးစိုက်ကေများကို တောင်သူများက အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှု အားပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဗန်းမော်ခရိုင်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူပြီးစီးနိုင်ရေးစည်းဝေး

**ဗန်းမော် စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူပြီးစီးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်က စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က ယခုသန်းခေါင်စာရင်းကောက်ယူခြင်းသည် မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးကို မျှော်မှန်းပြီး အခြေခံကျသည့်အချက်အလက်များကို ကောက်ယူခြင်းဖြစ်သည့်အတွက် ကိန်းဂဏန်းအချက်အလက်များကို ခိုင်မာတိကျစွာကောက်ယူသွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး ဗန်းမော်မြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးလဂေါင်က လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ခန္တီးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



မုံရွာ စက်တင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးပညာရေးမှူး ဦးသက်လေးဦး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ခန္တီးတပ်နယ်မှူးနှင့် ခန္တီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါကျောင်းရှိ ကျန်စစ်သားခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ စာဖတ်ရှုနိုင်သည့် အခွင့်အလမ်းများရရှိရေးအတွက် ရှိပြီးသားစာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာကြည့်တိုက်အသစ်များ ထပ်မံလိုအပ်သကဲ့သို့ ရပ်ကွက်/ ကျေးရွာများတွင် စာကြည့်တိုက်များ အသစ်ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသလို စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပရခြင်းအနေဖြင့် ကျောင်းသားလူငယ်များ စာကြည့်တိုက်ကို အသုံးပြုတတ်စေရန် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဘက်စုံဖွံ့ဖြိုးပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသူများ၏ တင်ဆက်မှုကို ကြည့်ရှုအားပေးကာ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည့် ကျောင်းသားကျောင်းသူများနှင့် တိုင်းရင်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော စာအုပ်/စာစောင်များ၊ လုပ်သာယာပြည်မြန်မာနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိမိတို့၏အရည်အသွေး၊ အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အကောင်းဆုံးနှင့် အောင်မြင်အောင်ဆောင်ရွက်ကြရန် တိုက်တွန်း

မကွေး စက်တင်ဘာ ၂၈

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က မကွေးမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သင်တန်းသား သင်တန်းသူများအနေဖြင့် ဘာသာရပ်တစ်ခုချင်းအလိုက် ဆွေးနွေးမှုများ၊ Tablet အသုံးပြု၍ လက်တွေ့လေ့ကျင့်မှုများ၊ ဘာသာရပ်အလိုက် အမေးအဖြေများ၊ ဥဏ်စမ်းပဟေဠိများဖြင့် လေ့ကျင့်မှုများ၊ CAPI စနစ်နှင့် လက်တွေ့ကွင်းဆင်းကောက်ယူမှုများကို ပြုလုပ်ခဲ့ပြီးဖြစ်သည့်အတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ ပြည့်စုံစွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့၏ အရည်အသွေး၊ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အကောင်းဆုံးနှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်ခန့်အပ်လွှာများကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံယူသည်။ အဆိုပါသင်တန်းတွင် သင်တန်းနည်းပြ ၁၈ ဦးက မြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၂၇၁ ဦးအား သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ လက်တွေ့လေ့ကျင့်ခန်းများ၊ အပြန်အလှန်ဆွေးနွေးခြင်းများနှင့် ပဟေဠိအမေးအဖြေများကို ထိရောက်လွယ်ကူသည့် နည်းလမ်းများဖြင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲသဘောတူစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကျင်းပ

ထားဝယ် စက်တင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် BBWI &MCPC Co.,Ltd တို့အကြား တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်းဆိုင်ရာသဘောတူစာချုပ် (B.O.T)၏ နောက်ဆက်တွဲ သဘောတူစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးထားပြီး နောက်ဆက်တွဲကို လိုအပ်သည်များ ဖြည့်စွက်ကာ လက်မှတ်ရေးထိုးခြင်း ဖြစ်ကြောင်း၊ ဒေါ်လာဈေးနှုန်း အတက်အကျပေါ်မူတည်ပြီး အလုပ်အကိုင်အဆင်ပြေစေရေးအတွက် (B.O.T) နောက်ဆက်တွဲ သဘောတူစာချုပ်အနေဖြင့် ထပ်မံပြီး လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ မြိတ်မြို့သည် ပင်လယ်ကမ်းရိုးတန်းဖြစ်သည့်အတွက် ရေကောင်းရေသန့်ရရှိရန် လိုအပ်ကြောင်း၊ တနင်္သာရီမြစ်ရေကနေ သွယ်တန်းပြီး မြိတ်မြို့တွင် ရေကောင်းရေသန့်ရရှိအောင်၊ ဒေသခံပြည်သူများ ရေကောင်းရေသန့်သုံးစွဲရရှိရေး၊ စက်မှုဇုန်နှင့်ပတ်သက်ပြီး ရေကောင်းရေသန့်ရရှိအောင် ပိုင်းဝန်းပြီးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် မြိတ်မြို့တွင်နေထိုင်သော ပြည်သူလူထုအတွက် ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးရန်၊ ဈေးနှုန်းကိုလည်း သက်သာစွာရရှိအောင် ပိုင်းဝန်းပြီး ဆောင်ရွက်ပေးကြရန်နှင့် တက်ရောက်လာသူများအနေဖြင့် ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး BBWI & MCPC Co.,Ltd မန်နေဂျင်းဒါရိုက်တာ Mr.Kanapord နှင့် ဒါရိုက်တာ ဦးလှသန်းတို့က အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် BBWI & MCPC Co.,Ltd တို့အကြား တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူ စာချုပ်(B.O.T)၏ နောက်ဆက်တွဲ သဘောတူစာချုပ်အား တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြပြီး BBWI & MCPC Co.,Ltd မန်နေဂျင်းဒါရိုက်တာ Mr.Kanapord က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်ဦးမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

ညောင်ဦး စက်တင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အမွေအနှစ်နယ်မြေ ညောင်ဦးမြို့ ဘုရားနီလမ်းဆုံမှ သီရိပစ္စယာမီးပွိုင့်အနော်ရထာနှစ်လမ်းသွား လမ်းမကြီး လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းလယ်ကျွန်းတို့တွင် မြက်အလှ၊ ပန်းမျိုးစုံ အလှစိုက်ပျိုးထားရှိမှု၊ ဝက်ကြီးအင်းချောင်းအနီး ရေနုတ်မြောင်းတူးဖော်နေမှု၊ လမ်းဘေးဝဲယာ လူသွားစင်္ကြံပြုပြင်မှု၊ ယဉ်ကျေးမှုနယ်မြေမုခ်ဦးအနီးနှင့် ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းမကြီးဘေး ပန်းအလှပင်များ၊ မြက်အလှပင်များ စိုက်ပျိုးထားရှိမှုနှင့် လေယာဉ်ကွင်းမှ လေဆိပ်လမ်းဆုံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ဝါ၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန တာဝန်ရှိသူများက စက်တင်ဘာ တတိယပတ်က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများလျင်မြန်စွာပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**





နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံတပ်နယ်မှ အရာရှိ/ စစ်သည်များ၊ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းကာ စက်တင်ဘာ ၂၈ ရက်က သထုံမြို့ လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၌ အများပြည်သူစိတ်အေးချမ်းစွာ ဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခွန် (ဝင်းပ)



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လွင်၊ မြို့မစခန်းမှူး ဒုတိယရဲမှူး နိုင်ဌေးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စက်တင်ဘာ၂၈ ရက်က ဗဟန်းမြို့နယ် မဟာမင်္ဂလာ ဆုတောင်းပြည့်ဘုရားကြီးနှင့် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အာကာစိုး



ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဇော်နိုင်လင်း၊ နယ်မြေရဲစခန်းမှူး ရဲအုပ်အေးကိုဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် အသင်းသားစုံညီအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး ပြင်သစ်အခြေစိုက် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်မှ Mr.Narek Arakelyan, General–Secretary (FIABCI) Video Click ဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသန်းဦးက နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အသင်းသား အသင်းသူ ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**

## တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီခွဲခန့်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် စိုင်းဝါဆဝ(ခ) စိုင်းလိတ် မောင်းနှင်ပြီး အိုက်ကျင်လိုက်ပါလာသည့် TOYOTA MARK–X အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဝါဆဝ(ခ) စိုင်းလိတ်(၃၈) နှစ်နှင့် အိုက်ကျင် (၃၅) နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၆ ရက် ည ၁၀ နာရီ မိနစ် ၅၀ ခန့်က သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီး၌ တောင်ကြီးမှ ပြည်ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကျော်ရဲလွင် သယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်ရဲလွင် ၂၈ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကြံခင်းမြို့၌ စာရင်းစစ်၊စာရင်းကောက်သင်တန်းဆင်း

**ကြံခင်း စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး သောင်းထွဋ်လွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းခန့်အပ်လွှာများ ပေးအပ်သည်။ ကြံခင်းမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စု ၃၅ အုပ်စု၊ ၂၅၁ ရွာ၌ ကောက်ကွက် ၂၇၆ ရှိပြီး စာရင်းစစ်၊ စာရင်းကောက် ၁၁၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့နယ် (ပြန်/ဆက်)



ဝါးခယ်မမြို့နယ်၌ မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းဇော်နှင့် အဖွဲ့ဝင်များက သင်တန်းသားသင်တန်းသူ ၅၃၅ ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

ဟိန်းထက်လင်း

(ပြန်/ဆက်)

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် စက်ယန္တရားယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အင်းလေးမြိုင်ရပ် မင်းဓမ္မလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)နှင့် မန္တလေးမြို့မှ မိုင်းရယ်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၇၆ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၉၇၃၈၅)၊ အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Faw Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သာစည်မြို့နယ်၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀)နှင့် ပုသိမ်ကြီးမြို့နယ်၌ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် စက်ယန္တရားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၄၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၆၇၇၃၈၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် ညောင်ခါးရှည် X–Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၂၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ankai Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ပဲခူးခရိုင် ဝေါမြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၉၇၈ တန်၊ အခြားသစ် ၃ ဒသမ ၄၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၇၄၅၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၄၉၄၅၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၃၅၆၈၄၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင်မသုံးနဲ့. . .

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဥပဒေပုဒ်မ(၄၁)နှင့်အညီ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ်ကျခံသုံးစွဲရမှုကို လျှော့ချနိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ်များကာမိစေသော လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။**

**မောင်မောင်စွယ်စုံထွန်း**

ထိုသို့ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်သတ်မှတ်လိုက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများအကြားနှင့် လူမှုစီးပွားနယ်ပယ်များတွင် များစွာဂယက်ရိုက်ခတ်မှုများရှိခဲ့သည်။ နိုင်ငံတော်ဘက်ကလည်း နှစ်စဉ်စိုက်ထုတ်ကျခံနေရမှုများ လွန်စွာများပြားလာသဖြင့် အထိုက်အလျောက် သက်သာစေရန် မလွှဲမရှောင်သာ တိုးမြှင့်ခဲ့ရခြင်းဖြစ်ပြီး ထိုသို့ တိုးမြှင့်လိုက်သော်လည်း နိုင်ငံတော်ဘက်က ဆက်လက်စိုက်ထုတ် သုံးစွဲရဦးမည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ရည်ရွယ်၍ ဖြစ်သင့်ဖြစ်ထိုက်သော အခြေအနေမှန်အရ နိုင်ငံတော်ဘက်က များစွာစဉ်းစားဆောင်ရွက်ခဲ့ခြင်းကို သိရှိကြရန် လိုအပ်နေပါသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များစွာ မြင့်မားလာသဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို မဖြစ်မနေ ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာသဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ရခြင်းသာဖြစ်ပြီး လူတန်းစားအလွှာအလိုက် အဆင်ပြေစေရန် အလို့ငှာ အနည်းအများ ကွာခြားမှုသာရှိပါသည်။ အဆလိုက်တက်ခြင်းမျိုးမဟုတ်ဘဲ အနည်းငယ်မျှသာတက်သည့် နှုန်းထားဖြစ်သော်လည်း အဆိုးမြင်သမားအချို့မှာ ပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေရန် အမျိုးမျိုးပြောဆိုရေးသားနေကြသဖြင့် ဤဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်းလည်း ဖြစ်ပါသည်။

**လိုအပ်သလောက်သာ သုံးစေလို**

**မီတာခတိုးမြှင့်ကောက်ခံရသည့် ရည်ရွယ်ချက်မှာ နှစ်မျိုးတည်းသာရှိသည်။ ပထမအချက်မှာ ဌာနမှဝင်ငွေတိုးတက်ရရှိ၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒုတိယအချက်အနေဖြင့် မလုံမလောက်ဖြစ်နေသည့် လျှပ်စစ်ဓာတ်အားကို မလိုအပ်လျှင် မသုံးဘဲ လိုအပ်သလောက်သာ သုံးစေလိုသော ရည်ရွယ်ချက်များပင် ဖြစ်ပါသည်။**

လက်ရှိ မြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာ ဖြန့်ဖြူးနိုင်ခြင်းမရှိသေးပါ။ အမှန်လိုအပ်နေသည်မှာ မဂ္ဂါဝပ် ၆၀၀၀ ခန့်ဖြစ်သော်လည်း ပျမ်းမျှအားဖြင့် မဂ္ဂါဝပ် ၂၅၀၀ ဝန်းကျင်ကိုသာ ကြိုးစားဖြန့်ဖြူးပေးနိုင်သေးရာ ပြည်သူတို့အနေဖြင့် မလိုအပ်ဘဲ လျှပ်စစ်ဓာတ်အားကို မသုံးစွဲခြင်းဖြင့် ယခုကဲ့သို့ ဓာတ်အားမလုံလောက်ချိန်တွင် အခြားအရေးကြီးလိုအပ်သော ဆေးရုံ၊ စာသင်ကျောင်း စသည်တို့ကို ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ နံနက်အလင်းရောင်ရှိသည့်အချိန်မျိုးတွင် လမ်းမီးများ၊ လုံခြုံရေးမီးများနှင့် အခြားမလိုအပ်သော မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကို ပိုမို၍ အချိန်ပြည့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရုံမက ပိုလျှံလာပါက နိုင်ငံတော်ဓာတ်အားစနစ်မှ ကျန်မီးမရရှိသေးသော အိမ်ထောင်စုများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်လာမည်ဖြစ်ပါသည်။

နေအိမ်တစ်အိမ်လျှင် (သို့မဟုတ်) မိသားစုတစ်စုလျှင် အသုံးပြုရန် မလိုသေးသော ၄၀ ဝပ်အားရှိ လေးပေမီးချောင်းတစ်ချောင်းနှင့် ၆၀ ဝပ်အားရှိ မီးသီးတစ်လုံး စုစုပေါင်း ၁၀၀ ဝပ်ခန့်ကို ပိတ်ပေးထားခြင်းဖြင့် လက်ရှိနိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနေသော အိမ်ထောင်စုနှစ်သန်းကျော်ခန့်နှင့် တွက်ချက်ကြည့်ပါလျှင် မဂ္ဂါဝပ် ၂၀၀ ဓာတ်အား ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစက်ရုံတစ်ရုံအသစ် တည်ဆောက်ခြင်းနှင့် အလားတူ အကျိုးသက်ရောက်မှုများ ရရှိလာစေမည်ဖြစ်ပါသည်။

ဤနေရာတွင် လျှပ်စစ်မီးအားလုံး ပိတ်ထားရန် ချွေတာစေခြင်းမျိုးမဟုတ်ဘဲ မလိုအပ်ပါက (အသုံးပြုရန် မလိုပါက) မီးပိတ်ထားစေခြင်းမျိုးသာ ဖြစ်သည်ကိုလည်း သတိပြုကြစေလိုပါသည်။ မီးသုံးသူပြည်သူများအနေဖြင့် ထိုသို့ လျှပ်စစ်မီးကို မလိုအပ်သောနေရာများတွင် အသုံးမပြုခြင်းဖြင့် လျှပ်စစ်မီတာခကိုလည်း များစွာသက်သာလာမည်ဖြစ်ပါသည်။ ပထမယူနစ် ၂၀၀ အထိ အလင်းရောင်နှင့် ရေတင်ခြင်း စသည့်အိမ်သုံးသုံးစွဲသူ (၃၀ ရာခိုင်နှုန်းသော ပြည်သူ)များအတွက် ဓာတ်အားခ နည်းနည်းသာ တိုးပါသည်။ လျှပ်စီးကြောင်းပမာဏများများသုံးသည့် Hot Plate နှင့် Aircon၊ ဒယ်နီ စသည်တို့ကို သုံးစွဲသူများအတွက်လည်း နိုင်ငံတော်က ထုတ်လုပ်စရိတ်ကာမိစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ချွေတာသုံးစွဲကြခြင်းဖြင့် ပြည်သူများလျှပ်စစ်ဓာတ်အား ပိုမိုရရှိလာစေပါမည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်များ ပိုမိုလျော့နည်းလာစေမည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ပါသည်။

**မီတာများကို တရားမဝင်မပြုလုပ်ရ**

လျှပ်စစ်ဓာတ်အားခများကို တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြင့် ဓာတ်အားသုံးစွဲသူများက လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲလာပြီး မလိုအပ်ဘဲ ဓာတ်အားအလေအလွင့်ဆုံးရှုံးနေမှုများ လျော့နည်းကျဆင်းလာစေရန် ရည်ရွယ်သော်လည်း အခြားတစ်ဖက်တွင် လျှပ်စစ်ဓာတ်အားကို လျှော့မသုံးဘဲ ဓာတ်အားခိုးယူသုံးစွဲခြင်း(သို့မဟုတ်) တရားမဝင်လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုများ ဖြစ်လာနိုင်ခြေကလည်း ရှိနေပြန်ပါသည်။ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်မည့်ကြေညာချက် ပေါ်ထွက်ပြီးကတည်းက လူမှုကွန်ရက်စာမျက်နှာများတွင် မီတာခတိုးမပေးရအောင် လျှပ်စစ်မီတာတွင် တရားမဝင်ပြုလုပ်ရန် များအား ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များဖြင့် ပြုလုပ်ပြသထားသည်များ ပျံ့နှံ့လာသည်ကို တွေ့ရှိနေရသဖြင့် ပြည်သူများ လိုက်မလုပ်မိကြစေရန် အထူးလိုအပ်ပါသည်။

မီတာခနှုန်းထားများ မတက်မီကပင် ပြည်သူအချို့နှင့် လုပ်ငန်းရှင်အချို့တို့သည် မိမိတို့ဓာတ်အားခသက်သာစေရေးအတွက် လျှပ်စစ်ဝန်ထမ်းဟောင်းအချို့နှင့် လက်ရှိ အကျင့်ပျက်ဝန်ထမ်းအချို့တို့ဖြင့် ပူးပေါင်းကာ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဆောင်ရွက်လျက်ရှိရာ မီတာခတက်ပြီးနောက် မီးခိုးမှု ပိုမိုလုပ်ဆောင်လာနိုင်မည့် အခြေအနေကလည်း ရှိနေပြန်ပါသည်။ ထိုသို့ ဖြစ်ပေါ်လာပါက နိုင်ငံတော်က မျှော်မှန်းသလို ဖြစ်လာနိုင်တော့မည် မဟုတ်ဘဲ ဓာတ်အားပျောက်ဆုံးမှုများ ပိုမိုများပြားလာသလို လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများလည်း ပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။

> **❂ ပညာပေးကာလအနေဖြင့် တရားမဝင်သုံးစွဲမှုများကို ဖြေလျှော့၍ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်ကာလတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားတော့မည်ဖြစ်ရာ တရားမဝင် ဓာတ်အားသုံးစွဲသူများနှင့် အကျင့်ပျက်ဝန်ထမ်းများအနေဖြင့် အထူးဆင်ခြင်ကြရန် အချိန်ကာလလည်းဖြစ်**
>
> **❂ လျှပ်စစ်ဓာတ်အား အနည်းငယ်သာ အသုံးပြုနိုင်သော အခြေခံလူတန်းစားများအတွက် အနည်းငယ်သာ တိုးမြှင့်ထားခြင်းဖြစ်ပြီး များများသုံးစွဲလိုသောသူများအနေဖြင့် နိုင်ငံတော်က ထုတ်လုပ်စရိတ်ကာမိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်**

**ပြည်သူများက ဝိုင်းဝန်းဖော်ထုတ်**

သို့ဖြစ်၍ လျှပ်စစ်မီး ပိုမိုရရှိလာရေးအတွက် ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းက အသိစိတ်ဓာတ်ရှိရှိဖြင့် မလိုအပ်သေးပါက လျှပ်စစ်ဓာတ်အားကို မသုံးစွဲရေး၊ လျှပ်စစ်ဓာတ်အားကို တရားမဝင် ခိုးယူသုံးစွဲခြင်းမျိုးမှ ရှောင်ကြဉ်ကြရေးမှာ အထူးအရေးကြီးလှပါသည်။ မည်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ရှိသူများကိုလည်း ပြည်သူများက ပူးပေါင်း၍ ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်မှသာ နိုင်ငံတော်၏ ဓာတ်အားခအနည်းငယ်သာ တိုးမြှင့်ကောက်ခံပြီး လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေနိုင်ရေး မျှော်မှန်းချက်မှာ အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ်ပါသည်။

ယခုအခါ ပညာပေးကာလအနေဖြင့် တရားမဝင်သုံးစွဲမှုများကို ဖြေလျှော့၍ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်ကာလတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားတော့မည်ဖြစ်ရာ တရားမဝင်ဓာတ်အားသုံးစွဲသူများနှင့် အကျင့်ပျက်ဝန်ထမ်းများအနေဖြင့် အထူးဆင်ခြင်ကြရန် အချိန်ကာလလည်း ဖြစ်ပါသည်။ မကြာမြင့်မီကာလက အရေးယူခဲ့ရသော ဖြစ်ရပ်အချို့အားလည်း ပြည်သူတို့ သိရှိနိုင်စေရန် အနည်းငယ်ဖော်ပြလိုပါသည်။

**လျှပစ်စစ်ဥပဒေဖြင့် နစ်နာကြေး သိန်းတစ်ထောင်ကျော် ပေးသွင်းစေ**

ပထမဆုံးတင်ပြလိုသော အမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ရေခဲစက်တစ်ခုတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ဓာတ်အားခသက်သာစေရန် မီတာအား ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မီတာအား ပြုပြင်ဆောင်ရွက်ပေးသူ အခြားမြို့နယ်မှ ဝန်ထမ်းနှစ်ဦးနှင့်အတူ ပြုပြင်ဆောင်ရွက်ရန် စေခိုင်းသူ ရေခဲစက်မန်နေဂျာ ဖြစ်သူတို့အား လျှပ်စစ်ဥပဒေပုဒ်မ(၅၃) ကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ဥပဒေပုဒ်မ (၆၃) အရ တရားစွဲဆိုထားသည့်အပြင် ရေခဲစက်ရုံကိုလည်း နစ်နာကြေးငွေ သိန်းတစ်ထောင်ကျော်ပြန်လည်ပေးသွင်းစေခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။

ဒုတိယအနေဖြင့် စိတ်ဝင်စားဖွယ်ရာ အမှုဖြစ်စဉ်တစ်ခုကိုလည်း ဖော်ပြပေးလိုပါသည်။ အိမ်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှဖြစ်ကာ ပြည်ပသို့ ခရီးသွားရောက်နေပြီး နေအိမ်အားငှားရမ်းထားခဲ့ရာ အိမ်ငှားဖြစ်သူမှ အိမ်သုံးမီတာအားခွထောက် (By pass) ပြုလုပ်ကာ သုံးစွဲခဲ့သော အမှုဖြစ်စဉ်ဖြစ်သည်။ ဥပဒေအရ အိမ်ရှင်တွင်သာ တာဝန်ရှိသဖြင့် အိမ်ရှင်ဖြစ်သူအား နစ်နာကြေးငွေ ၁၀ သိန်းကျော်ပေးသွင်းစေပြီး လျှပ်စစ်ဥပဒေအရ အမှုဖွင့်တရားစွဲဆိုထားသော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါဖြစ်စဉ်နှစ်ခုမှာ လက်ရှိတွင် တရားစွဲဆိုထားခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ကာယကံရှင်တို့က အသနားခံတင်ပြထားဆဲသာဖြစ်ပြီး အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးဟု သိရှိရပါသည်။

ထို့အပြင် အခြားစိတ်ဝင်စားဖွယ်ရာ အမှုဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့)မြို့နယ်မှဖြစ်ကာ အဆောင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပါဝါမီတာမှာ Over Load သုံးစွဲ၍ လောင်ကျွမ်းပျက်စီးခဲ့ခြင်းအား မြို့နယ်လျှပ်စစ်ရုံးသို့ တရားဝင်တင်ပြခြင်းမရှိဘဲ လျှပ်စစ်ရုံးမှ နေ့စားဝန်ထမ်းများအား ငွေပေး၍ ပြုပြင်စေခိုင်းခဲ့သော ဖြစ်စဉ်ဖြစ်သည်။ အဆိုပါ နေ့စားဝန်ထမ်းများအား ယခုအခါ တာဝန်မှ ရပ်စဲထားပြီးဖြစ်သည့်အပြင် ကာယကံရှင်ကိုလည်း နစ်နာကြေးတောင်းခံရန်နှင့် အမှုဖွင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါဖြစ်စဉ်များကို လေ့လာကြည့်ရှုခြင်းအားဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးတွေ့ရှိလျှင် နစ်နာကြေးတောင်းခံပေးသွင်းရုံမျှဖြင့် ရရှိတော့မည်မဟုတ်ဘဲ လျှပ်စစ်ဥပဒေများဖြင့်ပါ အမှုဖွင့်တရားစွဲဆိုခံရပြီး ချက်ချင်းအာမခံမရဘဲ အချုပ်အနှောင်ခံရနိုင်သည်ဆိုခြင်းကို ပြည်သူများ အထူးသတိပြုမိကြစေလိုပါသည်။ ဤနေရာတွင် လျှပ်စစ်ဥပဒေပုဒ်မ (၅၃)နှင့်(၆၃) တို့ကို ဖော်ပြပေးလိုပါသည်။

*စာမျက်နှာ ၂၃ သို့*

# ရေလွှမ်းမှုဘေး ကာကွယ်ရေး

ဒေါက်တာ ဝင်းဝင်းမျိုး

စက်တင်ဘာလ ၂၀၂၄ တွင် တိုင်ဖွန်း ရာဂီ (Typhoon Yagi ) ကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ ပြင်းထန်စွာ သက်ရောက်ခဲ့ပါသည်။

ရာဂီကြောင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်နှင့် လာအိုတို့တွင် ရေလွှမ်းမှုများ၊ မြေပြိုမှုများကြောင့် သေဆုံးမှုများနှင့် အိမ်ရာပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။ ရာဂီသည် အရှေ့တောင်အာရှတွင် ဒေသတွင်း လူနေမှုပုံစံများ အထိခိုက်ဆုံးသော တိုင်ဖွန်းတစ်ခု ဖြစ်လာသည်။

မြန်မာနိုင်ငံ၌ စက်တင်ဘာလ ၈ ရက်နေ့မှ စတင်ပြီး တိုင်ဖွန်းရာဂီ၏ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ် ကိုးခုအတွင်း ရေလွှမ်းမှုများနှင့် မြေပြိုမှုများကြောင့် လူသေဆုံးမှုများနှင့် အိမ်ရာပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ယခုကဲ့သို့ ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ရေလွှမ်းမှုများ ကြုံတွေ့လာပါက အောက်ပါအတိုင်း အရေးပေါ် ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်ပါသည် –

(က) ရေမကြီးမီ ပြင်ဆင်မှု၊

(ခ) ရေကြီးနေစဉ် တုံ့ပြန်မှု၊

(ဂ) ရေကြီးပြီး ပြန်လည်ထူထောင်မှု



**(က) ရေမကြီးမီ ပြင်ဆင်မှု**

(၁) သတင်းရယူပါ။

ဒေသခံသတင်းများ၊ ရာသီဥတုနောက်ဆုံးအခြေအနေများ၊ သတိပေးချက်များကို ဖုန်း၊ တီဗွီ၊ ရေဒီယို သို့မဟုတ် ရာသီဥတု App များမှ ကြည့်ရှုပါ။ အရေးပေါ် သတိပေးချက်များကို မှတ်သားပါ။

( ၂ ) အရေးပေါ်အစီအစဉ်ရေးဆွဲပါ။

ထွက်ပြေးရန် လမ်းကြောင်းနှင့် မြင့်မားသော နေရာသို့ ရောက်ရန် စီစဉ်ထားပါ။ မိသားစုအားလုံး အဆိုပါအစီအစဉ်ကို သိရှိအောင်လုပ်ပါ။

( ၃ ) အရေးပေါ်လိုအပ်သော အထုပ်ပြင်ဆင်ပါ။

ရေ၊ အစာ၊ ဆေးဝါးများ၊ ပထမဆုံးအကူအညီ ပစ္စည်းများ၊ မီးဖိုချောင်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများ (ရေစိုခံအထည်များထဲတွင်ထည့်ပါ) နှင့် အဝတ်အထည်များ အထုပ်ထဲတွင်ထည့်ပါ။

( ၄ ) မိမိပစ္စည်းများကို ကာကွယ်ပါ။

အရေးကြီးပစ္စည်းများနှင့် စာရွက်စာတမ်းများကို အိမ်အပေါ်ထပ် (အမြင့်နေရာ) သို့ ပြောင်းရွှေ့ပါ။ ခြံအတွင်းရှိ ပရိဘောဂများကို အိမ်ထဲသို့ သွင်းထားပါ။ ရေဝင်မှုကို သဲအိတ်များဖြင့် တားဆီးကာကွယ်ပါ။

( ၅ ) လျှပ်စစ်နှင့် ရေပူစနစ်များ ပိတ်ပါ။

ရေကြီးနိုင်သည်ဟု သံသယရှိပါက လျှပ်စစ်ဓာတ်အား၊ ဓာတ်ငွေ့နှင့် ရေအပူစနစ်များကို ပိတ်ထားခြင်းဖြင့် ထိခိုက်မှုများမှ ကာကွယ်ပါ။

**(ခ) ရေကြီးနေစဉ် တုံ့ပြန်မှု**

( ၁) မိမိနေရာမှ ချက်ချင်းထွက်ပါ။

သက်ဆိုင်ရာ အာဏာပိုင်များထံမှ ထွက်ပြေး သတိပေးချက်ကို ရရှိပါက ချက်ချင်းထွက်ခွာပါ။ နီးစပ်ရာကယ်ဆယ်ရေး စခန်းသို့ သွားပါ၊ သို့မဟုတ် မြင့်မားသောနေရာသို့ ပြောင်းရွှေ့ပါ။

( ၂ ) ရေစီးကြောင်းများအတွင်း မဝင်ပါနှင့်။

ရေစီးကြောင်းများထဲတွင် လမ်းမလျှောက်ပါနှင့်။ ကားမမောင်းပါနှင့်။ ရေသည် မျက်မြင်ထင်မှတ်သည်ထက် ပိုမိုနက်ရှိုင်း၍ ပြင်းထန်နိုင်သည်။ ရေစီးကြောင်းပမာဏ ငါးလက်မလောက်သာရှိလျှင်လည်း လူတစ်ဦးကို ဆွဲခေါ်နိုင်ပါသည်၊ နှစ်ပေလောက်သာ ရှိသော ရေစီးကြောင်းကလည်း မော်တော်ယာဉ်များကို အလွယ်တကူ ဆွဲခေါ်နိုင်ပါသည်။

( ၃) အိမ်အတွင်းနေပါ (လုံခြုံလျှင်)။

ထွက်ပြေး၍ မရနိုင်ပါက အိမ်အပေါ်ထပ်သို့ (သို့မဟုတ်) အိမ်မိုးအထက်သို့ တက်ပါ။

( ၄ ) သတင်းရယူနေပါ။

ဒေသတွင်း ရာသီဥတုနှင့် အရေးပေါ်သတိပေး ချက်များကို ဆက်လက်ကြည့်ရှုပါ။

( ၅ )လျှပ်စစ်ပစ္စည်းများ မသုံးပါနှင့်။

အိမ်အတွင်း ရေပြည့်နေပါက လျှပ်စစ်ပစ္စည်း များကို မထိ၊ မဖွင့်ပါနှင့်။

**(ဂ) ရေကြီးပြီး ပြန်လည်ထူထောင်မှု**

( ၁ ) ပြန်လာစဉ် လိုက်နာပါ။

သက်ဆိုင်ရာ အာဏာပိုင်များ ပြန်လည်ဝင်ရောက် ခွင့်ပြုသည့်အခါမှသာ ပြန်လာပါ။ လျှပ်စစ်ကြိုး ပြတ်ကျနေမှုများ၏ အန္တရာယ်များကို သတိပြုပါ။

( ၂ ) ညစ်ညမ်းသောရေကို သတိပြုပါ။

ရေလွှမ်းခဲ့သည့် ရေများသည် ညစ်ညမ်းသော ရေများဖြစ်နိုင်ပြီး ပိုးမွှားများ၊ ဓာတ်ပစ္စည်းများ ပါဝင်နိုင်သည်။ ယင်းရေများနှင့် ထိတွေ့မှုကို ရှောင်ရှားပြီး သောက်သုံးမည့် ရေ၏ သန့်ရှင်းမှုကို စစ်ဆေးပါ။

( ၃ ) ပျက်စီးမှုများ စစ်ဆေးပါ။

အိမ်ပြန်ရောက်လာပြီးသည်နှင့် အိမ်၏ နဂိုတည်ဆောက်ပုံ အတွင်းနှင့် အပြင်ကို စစ်ဆေးပါ။ အိမ်အရိုးအဆစ်ပျက်စီးမှုရှိပါက မခိုင်မာပါက အိမ်ထဲသို့ မဝင်ပါနှင့်။

( ၄ ) ရေလွှမ်းထိခိုက်မှုများကို သန့်ရှင်းပါ။

ရေလွှမ်းမှု ထိခိုက်ခံခဲ့ရသော ပစ္စည်းများနှင့် နေရာများကို ပြန်လည် သန့်စင်၍ ပိုးမွှားများနှင့် ညစ်ညမ်းမှုများကို ဖယ်ရှားပါ။

( ၅ ) အကူအညီ ရယူပါ။

ဒေသခံအာဏာပိုင်များ သို့မဟုတ် ကယ်ဆယ်ရေးအဖွဲ့များထံသို့ အကူအညီ တောင်းခံပါ။

အထက်ပါအချက်များကို လိုက်နာခြင်းအားဖြင့် မိမိနှင့်မိမိ မိသားစုများ၏ အသက်အန္တရာယ်များနှင့် မိမိတို့၏ပစ္စည်းများ ဆုံးရှုံးထိခိုက်မှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ။

---

စာမျက်နှာ ၂၂ မှ

ပုဒ်မ(၅၃) ။ ။ မည်သူမျှ လျှပ်စီးကြောင်း လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ(တရားမဝင်ချိတ်ဆွဲ အသုံးပြုခြင်းနှင့် လျှပ်စစ်မီတာအား မသမာပြုလုပ်၍ ဓာတ်အားခိုးယူခြင်းတို့အတွက် မပြုလုပ်ရန် တားမြစ်ထားသော ပုဒ်မဖြစ်ပါသည်။)

အဆိုပါ ပုဒ်မ(၅၃)အား ချိုးဖောက်ကြောင်း သက်သေထင်ရှားလျှင် လျှပ်စစ်ဥပဒေပုဒ်မ(၆၃) အရ အနည်းဆုံး ငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ဖော်ပြထားရာ အဆိုပါဥပဒေပုဒ်မများသည် မည်မျှကြီးလေးပြင်းထန်ကြောင်း ထင်ရှားလှပြီး မီးသုံးသူပြည်သူများအနေဖြင့် အသနားခံနေရုံဖြင့် ကင်းလွတ်ခွင့်ရရှိနိုင်ရန် မလွယ်ကူကြောင်း သိသာထင်ရှားလှသည်။ မီးဆိုသည်မှာ ပူမှန်းသိပါလျက် ပူမည်မထင်၍ ကိုင်မိလျှင် ကိုင်မိသူသာ အပူဒဏ်ခံစားရပါလိမ့်မည်။ ဥပဒေဆိုသည်မှာလည်း အလားတူပင်ဖြစ်ကာ မသိလို့နားမလည်လို့ပါ ထုချေနေရုံဖြင့် အပြစ်မှ လွတ်မည်မဟုတ်ပါသဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ ဆောင်ရွက်ပါက ထောင်နန်းစံရနိုင်မည်ကိုလည်း နားလည်သဘောပေါက်ကြရန် အထူးပင်လိုအပ်နေပြီဖြစ်သည်။

**မီတာခတက်ခြင်းနှင့် လုံးဝမသက်ဆိုင်**

**မီတာခနှုန်းမတိုးမီကပင် ကုန်ဈေးနှုန်းများ တိုးနေသည်ကို ပြည်သူများ တွေ့ကြုံခဲ့ပြီးဖြစ်သဖြင့် ကုန်ဈေးနှုန်းများတက်နေခြင်းသည် မီတာခ တက်ခြင်းနှင့် လုံးဝမသက်ဆိုင်သည်မှာ ထင်ရှားပါသည်။ မီဒီယာအချို့တွင် စွပ်စွဲဖော်ပြနေကြသလို အဆနှင့်တိုးမြှင့်ခဲ့ခြင်းလည်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အား အနည်းငယ်သာ အသုံးပြုနိုင်သော အခြေခံလူတန်းစားများအတွက် အနည်းငယ်သာ တိုးမြှင့်ထားခြင်းဖြစ်ပြီး များများသုံးစွဲလိုသော သူများအနေဖြင့် နိုင်ငံတော်က ထုတ်လုပ်စရိတ် ကာမိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ဓာတ်အား နည်းနည်းသုံးပါက ဓာတ်အားခသက်သာပြီး များများသုံးပါက နိုင်ငံတော်က ထုတ်လုပ်စရိတ် ပိုမိုကာမိစေသော စနစ်ဖြစ်ကြောင်း ဓာတ်အားခနှုန်းထားသစ်များကို သေချာစွာလေ့လာကြည့်ရှုပါက သိမြင်နိုင်ကြပါလိမ့်မည်။**

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစရိတ်မှာ ကမ္ဘာအနှံ့အပြားတွင် အနည်းဆုံး ကျပ် ၃၀၀ မှ ကျပ် ၄၀၀ ခန့်ရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တစ်ယူနစ်လျှင် ကျပ် ၅၀ သာ ရယူထားခြင်းဖြစ်ပါသည်။ လျှပ်စစ်သုံးစွဲမှုပမာဏများလာခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် (Renewable energy)ပြောင်းလဲသုံးစွဲရန် ကြိုးစားခြင်း၊ အစိုးရ၏ ငွေကြေးစိုက်ထုတ်နေရမှုများကို လျှော့ချလိုခြင်း၊ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ဈေးတက်ခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာတွင်လည်း လျှပ်စစ်မီတာခများ တိုးမြှင့်လေ့ရှိပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ၂၀၂၃ ခုနှစ်က တစ်ယူနစ်ကို ၃ ဒသမ ၃၈ ဘတ်မှ ၂၀၂၄ ခုနှစ်တွင် တစ်ယူနစ်ကို ၄ ဒသမ ၁၈ ဘတ်အထိ တိုးမြှင့်ခဲ့ပါသည်။ အလားတူ ဗီယက်နမ်နိုင်ငံတွင်လည်း တစ်နှစ်အတွင်း မီတာခကို ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပါသည်။

မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများတွင် ဓာတ်အားခဈေးနှုန်းများ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ရုပ်ကြွင်းလောင်စာ သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို လျှော့ချပြီး ဈေးနှုန်းကြီးမြင့်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုထုတ်လုပ်လာရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ အိမ်နီးချင်းနိုင်ငံများတွင် အဆိုပါအခြေအနေများကို သိမြင်ကြကာ ဓာတ်အားခတက်ခြင်းအပေါ် ပြည်သူများအနေဖြင့် ဝေဖန်ခြင်းမျိုးမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

**ပြန်လည်တည်ဆောက်ရန် အချိန်များစွာလိုအပ်**

တစ်ဖက်တွင်လည်း မီတာခတိုးမြှင့်ကြောင်း ကြေညာလိုက်စဉ်တွင်ပင် ပြည်သူများဘက်က မီတာခတော့တိုးပြီး လျှပ်စစ်ကိုတော့ အပြည့်မပေးကြောင်း ဝေဖန်မှုများ မြင့်တက်လာပါသည်။ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားကို အလုံအလောက် မထုတ်လုပ်နိုင်သေးသဖြင့် အလှည့်ကျပေးနေရခြင်းဖြစ်ပြီး လျှပ်စစ်မီတာခ တိုးမြှင့်လိုသဖြင့် လျှပ်စစ်လုံလောက်လျက်သားနှင့် အလှည့်ကျပေးနေခြင်းမျိုး မဟုတ်သောကြောင့် မီတာခတိုးလိုက်သည်နှင့် မီးအပြည့်အဝပေးရန်မှာ မဖြစ်နိုင်သေးပါ။

**လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသည် ယခုချက်ချင်းဆောက်၊ ယခုချက်ချင်း မပြီးစီးနိုင်ပါ။ မဟာဓာတ်အားလိုင်း တိုင်ကြီးတစ်ခုအား ဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း ပြန်လည်တည်ဆောက်ရန် အချိန်များစွာ လိုအပ်ပါသည်။ အချို့သော စက်ပစ္စည်းကိရိယာများသည် ပြည်ပမှ ဝယ်ယူရသဖြင့် ထိုက်သင့်သည့်အချိန် လိုအပ်ပါသည်။ မန်းမှုတ်လိုက်ရုံဖြင့်ဘွားခနဲ ပေါ်လာခြင်းမျိုးမဟုတ်သဖြင့် မီတာခတိုးလိုက်ရုံဖြင့် ချက်ချင်း လျှပ်စစ်အပြည့်ရနိုင်မည်တော့ မဟုတ်ပါ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝပေးနိုင်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသဖြင့် မဝေးတော့သည့်ကာလတွင် ပို၍ပို၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လာမည် ဖြစ်ပါသည်။**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်က ဓာတ်အားတိုးမြှင့်ရခြင်း အကြောင်းရင်းသည် ငွေကြေးမတတ်နိုင်သည့် မိသားစုတွင် လျှပ်စစ်ယူနစ်ကို အနည်းငယ်သာ သုံးကြသဖြင့် နိုင်ငံတော်ဘက်က စိုက်ထုတ်ရခြင်း နည်းသော်လည်း လျှပ်စစ်အသုံးအဆောင်များစွာဖြင့် လျှပ်စစ်ယူနစ်အများကြီး သုံးစွဲမှုအပေါ် နိုင်ငံတော်ဘက်က အများကြီး စိုက်ထုတ်ရသဖြင့် စိုက်ထုတ်ရသက်သာစေရန် ရည်ရွယ်ဆောင်ရွက်လိုက်ခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားခ တိုးမြှင့်ခြင်းအပေါ် အဆိုးမြင်ဝါဒီသမားများ၏ အဆိုးမြင် ဝေဖန်ချက်များကို ဂရုမပြုကြဘဲ လျှပ်စစ်ကိုပိုမိုရရှိစေရန် အတွက် လျှပ်စစ်ဓာတ်အားကို မလိုအပ်ချိန်တွင် အသုံးမပြုခြင်း၊ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ခြင်းဖြင့် ပြည်သူများဘက်မှ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံ ရေးသားတင်ပြလိုက်ရပါသည်။ ။

ပရီမီယာလိဂ်ပွဲစဉ် (၆) မှ ပွဲစဉ်သုံးပွဲကို စက်တင်ဘာ ၂၉ ရက်နဲ့ စက်တင်ဘာ ၃၀ ရက်တို့မှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်ယူနဲ့ စပါးအသင်း ထိပ်တိုက်တွေ့ဆုံတဲ့ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# တိုက်စစ်အားသာတဲ့ စပါးက ခံစစ်အားနည်းတဲ့ မန်ယူကို အနိုင်ယူနိုင်မလား

■ မိုးဇက် – စုစည်းသည်



| ပရီမီယာလိဂ် ပွဲစဉ် (၆) | |
|---|---|
| ၂၉-၉-၂၀၂၄ | တနင်္ဂနွေနေ့ |
| အစ်ဆွစ် – ဗီလာ | ည ၇း၃၀ |
| မန်ယူ – စပါး | ည ၁၀း၀၀ |
| ၃၀-၉-၂၀၂၄ | တနင်္လာနေ့ |
| ဘုန်းမောက်–ဆောက်သမ်တန် နံနက်၁း၃၀ | |

## မန်ယူ VS စပါး

မန်ယူရော စပါးအသင်းပါ ငါးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံး ရလဒ်ရရှိထားတယ်။ မန်ယူအသင်းက ဒီရာသီမှာ ရလဒ်ပိုင်း ကောင်းမွန်မှု မရှိသေးပေမယ့် ပြိုင်ဘက်ကို ဂိုးပေါက်ခြိမ်းခြောက်မှု အသာနဲ့ ကစားထားနိုင်တာကြောင့် ခြေစွမ်းပိုင်း ကောင်းမွန်လာတာ တွေ့ရတယ်။ စပါးအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ပုံမှန်ခြေစွမ်း ပြသထားနိုင်တာ တွေ့ရတယ်။ ဒါကြောင့် မန်ယူအသင်းက ရရှိလာမယ့် အခွင့်အရေးကို အသုံးမချနိုင်ခဲ့ရင် ပေးဆပ်မှုကြီးမားပြီး ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

| မန်ယူရဲ့ နောက်ဆုံးငါးပွဲ | | |
|---|---|---|
| မန်ယူ | ၀ – ၃ | လီဗာပူး |
| ဆောက်သမ်တန် | ၀ – ၃ | မန်ယူ |
| မန်ယူ | ၇ – ၀ | ဘန်စလေ |
| ပဲလေ့စ် | ၀ – ၀ | မန်ယူ |
| မန်ယူ | ၁ – ၁ | တွမ်တီး |

| စပါးရဲ့ နောက်ဆုံးငါးပွဲ | | |
|---|---|---|
| ကာဆယ် | ၂ – ၁ | စပါး |
| စပါး | ၀ – ၁ | အာဆင်နယ် |
| ကိုဗင်ထရီ | ၁ – ၂ | စပါး |
| စပါး | ၃ – ၁ | ဘရန့်ဖို့ဒ် |
| စပါး | ၃ – ၀ | ကာရာဘတ် |

| မန်ယူနှင့် စပါးအသင်းတို့ရဲ့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုသုံးပွဲရလဒ် | | | |
|---|---|---|---|
| မန်ယူ | ၂ – ၂ | စပါး | ပရီမီယာလိဂ် |
| စပါး | ၂ – ၀ | မန်ယူ | ပရီမီယာလိဂ် |
| စပါး | ၂ – ၂ | မန်ယူ | ပရီမီယာလိဂ် |

## အစ်ဆွစ် VS ဗီလာ

အစ်ဆွစ်က လိဂ် ငါးပွဲကစားပြီးသည့်တိုင် နိုင်ပွဲရရှိထားခြင်း မရှိသေးဘူး။ အဲဒီငါးပွဲမှာ ရဂိုးက သုံးဂိုးသာရှိပြီး ပေးဂိုးက ရှစ်ဂိုးအထိ ရှိနေတာကြောင့် တိုက်စစ်၊ ခံစစ်ဆိုးရွားတဲ့ အသင်းထဲ ပါတယ်။ ပြိုင်ဘက် အက်စ်တွန်ဗီလာက ငါးပွဲမှာ လေးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့ အသင်းဖြစ်တယ်။ တိုက်စစ်ပိုင်းကလည်း တစ်ပွဲ နှစ်ဂိုးနှုန်းနဲ့ ၁၀ ဂိုးအထိ ရယူထားနိုင်တယ်။ ဒါကြောင့် ပထမဆုံး လိဂ်နိုင်ပွဲရဖို့ ကြိုးစားလာမယ့် အစ်ဆွစ်အသင်း တိုက်စစ်၊ ခံစစ်ပိုင်း သာလွန်မှုရှိတဲ့ ဗီလာအသင်းကို ကျော်ဖြတ်ဖို့ ခက်မယ်။

## ဘုန်းမောက် VS ဆောက်သမ်တန်

ဆောက်သမ်တန်အသင်းက လိဂ်ငါးပွဲကစားပြီးချိန်မှာ ရဂိုးနှစ်ဂိုးသာ ရယူထားနိုင်တာကြောင့် တိုက်စစ်အဆိုးရွားအသင်းအဖြစ် ရပ်တည်နေတယ်။ ရမှတ်စုဆောင်းနိုင်မှုအပိုင်းမှာလည်း ငါးပွဲမှာ တစ်မှတ်သာ ရရှိထားသေးတယ်။ မည်သို့ပင်ဆိုစေ ပထမဆုံးလိဂ်နိုင်ပွဲရှာတွေ့ဖို့ ကြိုးစားလာမယ့် ဆောက်သမ်တန်အသင်းရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ဘုန်းမောက်အသင်း ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။ သို့သော်လည်း နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်မှုကို ချေဖျက်ဖို့ ကြိုးစားလာမယ့် ဘုန်းမောက်အသင်း နိုင်ဖွယ်ရာရှိတယ်။

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၅) တွင် ဘိုချန်ကို တိုက်စစ်ခြေစွမ်းပြကာ ဂိုးပြတ်အနိုင်ယူခဲ့သည့် ဒေါ့မွန်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၅) မှ ဒေါ့မွန်နှင့် ဘိုချန်အသင်းပွဲစဉ်ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁ နာရီက ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက တိုက်စစ်ခြေစွမ်းပြပြီး လေးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဒေါ့မွန်အသင်းအိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၈၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဒေါ့မွန်အသင်းသည် ပြိုင်ဘက်အသင်း၏ တုံ့ပြန် ကစားပုံကောင်းမွန်မှုကြောင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒေါ့မွန်အသင်းသည် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၅) အပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးနှင့် နိုင်ပွဲ သုံးပွဲ ရရှိထားသည်။ ပြိုင်ဘက် ဘိုချန်အသင်းက နိုင်ပွဲရရှိခြင်း မရှိသေးဘဲ သရေတစ်ပွဲနှင့် ရှုံးပွဲ လေးပွဲ ရထားသည်။ လာမည့် ပွဲစဉ်အဖြစ် ဒေါ့မွန်



အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဆဲလ်တစ်အသင်းနှင့် အောက်တိုဘာ ၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## မလျော့ကန်သည့် အောင်ပွဲခံပုံစံကြောင့် ဂိုးသမား မာတီနက်ဇ် နှစ်ပွဲပိတ်ပင်ခံရ

အက်စ်တွန်ဗီလာဂိုးသမား အမ်လီယာနို မာတီနက်ဇ်သည် စော်ကားသည့် အပြုအမူအတွက် ဖီဖာ၏ ပိတ်ပင်မှုခံရလိုက်ပြီးနောက် ယခုအခါ ၎င်းသည် အာဂျင်တီးနားအသင်း ယှဉ်ပြိုင်ကစားမည့် လာမည့်ပွဲစဉ်နှစ်ပွဲကို လွဲချော်တော့မည် ဖြစ်သည်။

ထိုကဲ့သို့ ပိတ်ပင်ခံရမှုသည် ယခုလအတွင်း ၂၀၂၆ ကမ္ဘာ့ ဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ချီလီ၊ ကိုလံဘီယာအသင်းတို့နှင့် ဆက်နွယ်လျက်ရှိကြောင်း သိရသည်။

၎င်းသည် စက်တင်ဘာ ၆ ရက်တွင် အာဂျင်တီးနားအသင်းက ချီလီကို သုံးဂိုးပြတ် အနိုင်ရရှိပြီးနောက် ကိုပါအမေရိကဖလားကို မလျော့ကန်သည့်ပုံစံဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်သည် ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စု၌ ကျင်းပသည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဖလားဆွတ်ခူးရရှိပြီးနောက် ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်လည်းဖြစ်သည်။

ထို့အပြင် ၎င်းသည် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာဂျင်တီးနားအသင်း ဖလားဆွတ်ခူးရယူပြီးနောက်တွင် အလားတူ မလျော့ကန်သည့်ပုံစံဖြင့် ဖလားကိုင်မြှောက် အောင်ပွဲခံခဲ့သူလည်း ဖြစ်သည်။ ဖီဖာ၏ ပိတ်ပင်ခံရမှုကြောင့် မာတီနက်ဇ်သည် အောက်တိုဘာလတွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဗင်နီဇွဲလားနှင့် ဘိုလီးဗီးယားအသင်းတို့ပွဲစဉ်ကို လွဲချော်တော့မည်ဖြစ်သည်။

မာတီနက်ဇ်သည် အာဂျင်တီးနားအသင်းအတွက် ၄၇ ပွဲ ပါဝင်ကစားပေးထားသူ ဖြစ်သည်။

## မန်စီးတီးကွင်းလယ်ကစားသမား ရိုဒရီ ဒဏ်ရာကြောင့် ရာသီကုန်အထိ လွဲချော်မည်

မန်စီးတီးအသင်းကွင်းလယ်ကစားသမား ရိုဒရီသည် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ရိုဒရီ၏ ဒဏ်ရာသည် တနင်္ဂနွေနေ့က အာဆင်နယ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သော ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ငါးပွဲ လွဲချော်ခဲ့သည်။ ရိုဒရီသည် ၂၀၁၉ ခုနှစ်တွင် လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူ ဖြစ်သည်။

*❊ ကျော့ဖုံးမှ*

ဂေါ်ဗွန်၊ မော်ပေး၊ ဘားနက်စ်တို့ ဦးဆောင်ကာ မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ကစားပုံမာကျောသည့် နယူးကာဆယ်အသင်း၏ ကစားဟန်ကြောင့် မန်စီးတီးအသင်း၏ သွင်းဂိုးရရှိရေး ကြိုးပမ်းအားထုတ်မှု ရှုန်းကန်ခဲ့ရသည်။ ပွဲချိန် ၃၅ မိနစ်တွင် ဂရီလစ်ချ်၏ ဖန်တီးမှုကို ဂီဗာဒီယိုလ် အဆုံးသတ် သွင်းယူနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။

ချေပဂိုးရရှိရေး ကြိုးပမ်းလာသော နယူးကာဆယ်အသင်းသည် ပွဲချိန် ၅၈ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို တိုက်စစ်တွင် ပွဲထွက်လာသည့် ဂေါ်ဒွန်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။

တစ်ဖက်တစ်ဂိုးစီသရေကျပြီးနောက်တွင် မန်စီးတီးအသင်းက တစ်ဖတ်သတ်ဖိအားပေးကစားကာ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သည်။ သို့သော်လည်း နယူးကာဆယ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။

ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် မန်စီးတီးအသင်းသည် ပွဲစဉ် (၆) အပြီးတွင် လေးပွဲနိုင်၊ နှစ်ပွဲ သရေ ရလဒ်ထွက်ပေါ်ထားသည်။ ပြိုင်ဘက် နယူးကာဆယ်အသင်းက သုံးပွဲနိုင်၊ နှစ်ပွဲသရေနှင့် တစ်ပွဲရှုံး ရလဒ် ရရှိထားသည်။

ပရီမီယာလိဂ်ပွဲစဉ် (၆) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် အဲဗာတန်က ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး–တစ်ဂိုး၊ ဖူလ်ဟမ်က နော်တင်ဟမ်ဖော်ရက်စ်ကို တစ်ဂိုး–ဂိုးမရှိ၊ ချယ်ဆီးက ဘရိုက်တန်ကို လေးဂိုး–နှစ်ဂိုး၊ အာဆင်နယ်က လက်စတာကို လေးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။ ဘရန့်ဖို့ဒ်နှင့် ဝက်စ်ဟမ်းအသင်းပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

# သံလွင်(တာဆွတ်တိန်း)တံတား တည်ဆောက်ရေးစီမံကိန်းနှင့် ရေဘေးသင့်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**လင်းခေး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၇ ရက်က (ဝမ်ဟတ်-ဝမ်စလောင်း - တာဆွတ်တိန်း-ဟိုမိန်း) သွားလမ်းပေါ်ရှိ သံလွင်(တာဆွတ်တိန်း) တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရေဘေးသင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများကို ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်နယ်သယံဇာတရေးရာဝန်ကြီးသည် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စုရှိ ပန်ကျိုင်း - ဝမ်ကွန်ကျေးရွာချင်းဆက် ကိုယ်ထူကိုယ်ထ အဘိပါလမေတ္တာကြိုးတံတား ရေတိုက်စား ပျက်စီးသွားသည့် အခြေအနေကို ကြည့်ရှုကာ ပန်ကျိုင်းကျေးရွာ အောင်မင်္ဂလာတပ်ဦး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိမလဘိပါလထံ အလှူငွေ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် (လင်းခေး - ဝမ်ဟတ် - တာဆွတ်တိန်း-ဟိုမိန်း) သွားလမ်း(နမ့်တွန်-နားလင်း - ဝမ်တိန်းကျေးရွာ)ကြား ရေတိုက်စားခံခဲ့ရပြီး ပျက်စီးသွားသည့် လမ်းပိုင်းကို ခရိုင်နှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ပြု ပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။



ဆက်လက်၍ တံတားအထူး(၄)အဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် အရှည် ၅၆၀ မီတာ၊ သံကူကွန်ကရစ် သံလွင်(တာဆွတ်တိန်း) တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အဆိုပါစီမံကိန်းလုပ်ငန်း တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် မိုးအဆက်မပြတ်ရွာသွန်း၍ သံလွင်မြစ်ရေတက်ခဲ့ခြင်းကြောင့် တံတားရေတိုက်စားခံခဲ့ရမှု အခြေအနေများ၊ တည်ဆောက်လျက်ရှိသည့် တံတား(ချဉ်းကပ်တံတားလမ်း) တည်ဆောက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် (ဝမ်စလောင်း - တာဆွတ်တိန်း)ကြားရှိ ရေတိုက်စားသွားသည့် လမ်းပိုင်းနေရာများ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ငွေကျပ်သိန်း ၅၀၀၀ ကျော် ထောက်ပံ့ပေးအပ်

**ဟိုပုံး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၇ ရက်က စံဖူးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ခိုင်နှင်းဝေဖောင်ဒေးရှင်းမှ အလှူရှင်များက စံဖူးဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဣန္ဒအား သွားရောက်ဖူးမြော်ကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၂၆၁စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သိန်း ၂၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၂၂၀ ကိုလည်းကောင်း၊ သေဆုံးသူ ၂၆ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၆၀ ကိုလည်းကောင်း စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၅၄၈၀ တို့ကို ရေဘေးသင့်ကျေးရွာများဖြစ်သည့် စံဖူးကျေးရွာ၊ နောင်စုံကျေးရွာ၊ ကျောက္ကချားကျေးရွာ၊ တလျနိုးကျေးရွာ၊ ထမ်းအယ်ကျေးရွာ၊ ဗန်းစောက်



ကျေးရွာ၊ လိုက်ကန်ကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ခိုင်နှင်းဝေဖောင်ဒေးရှင်းတို့သည် စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာရှိ နမ့်ဟုတ်တိုင်တစ်ရာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ပြီး ရေဘေးသင့်ကျေးရွာများကို ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဟိုပုံးမြို့နယ်၌ စက်တင်ဘာ ၁၀ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာပေါင်း ၃၀ တို့တွင် ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၂၆ ဦး၊ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၂၆၁ အိမ်ရှိပြီး လမ်း၊ တံတားများ၊ တိရစ္ဆာန်များနှင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မိုးနဲ၌ ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာမြေများတွင် အစားထိုးစိုက်ပျိုးနိုင်ရေး ပဲပုပ်မျိုးစေ့များ ပေးအပ်

**မိုးနဲ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်ပျက်စီးခဲ့သည့် လယ်ယာမြေများ၌ ရေကျချိန် အစားထိုးစိုက်ပျိုးနိုင်ရန် ပဲပုပ်မျိုးစေ့များပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မော်ဦးက ပဲပုပ်စိုက်နည်းစနစ်နှင့် အထွက်တိုးအောင်ပန်းပွင့်ချိန်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် လက်ချားရောစပ်ပက်ဖျန်းရန် တောင်သူအသိပညာပေးပြောကြားခဲ့ပြီး မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းက ရေနစ်မြုပ်ပျက်စီးဧက စာရင်းများနှင့် ပဲပုပ်၊ ပန်းနှမ်း၊ နေကြာ၊ ကြက်သွန်ဖြူသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးမည့် အစီအစဉ်များကို ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးမြေ ၁၂၅ ဧကအတွက် တောင်သူ ၄၅ ဦးအား ပဲပုပ် မျိုး ၆၅ တင်းကို တာဝန်ရှိသူများအား ပေးအပ်ရာ တောင်သူများက လက်ခံယူပြီး မိုးနဲမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီး ခဲ့သော လယ်ယာမြေဧက စုစုပေါင်းမှာ ၉၁၉ ဧကကျော်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



# မိုင်းပျဉ်းမြို့၌ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**မိုင်းပျဉ်း စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့မှုများပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ရေဘေးသင့်အိမ်ထောင်စု ငါးစုအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးကျပ် ၆၅၀၀၀၀၊ ဆန်ရိက္ခာအတွက်တန်ဖိုးကျပ် ၇၁၄၀၀ စုစုပေါင်းငွေကျပ် ၇၂၁၄၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်၌ ယာယီပိတ်ထားခဲ့သည့် အခြေခံပညာကျောင်း ၃၅ ကျောင်း ပြန်လည်ဖွင့်လှစ်

**ဇေယျာသီရိ စက်တင်ဘာ ၂၈**

နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် အခြေခံပညာကျောင်း ၃၇ ကျောင်း ယာယီပိတ်ထားခဲ့ရာမှ ကျောင်း ၃၅ ကျောင်း ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။



ဇေယျာသီရိမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း လေးကျောင်း စုစုပေါင်း ၆၃ ကျောင်းရှိရာ မိုးသည်းထန်စွာ ရွာသွန်းပြီး ဆင်သေချောင်းရေနှင့် ပေါင်းလောင်းရေ မြင့်တက်လာမှုကြောင့် အခြေခံပညာကျောင်း ၃၇ ကျောင်းအတွင်း ရေများ ဝင်ရောက်ခဲ့ပြီး ယာယီပိတ်ထားခဲ့ရာ ရေပြန်လည်ကျဆင်းသွားချိန်တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။ ယခုအခါအခြေခံပညာကျောင်း စုစုပေါင်း ၃၅ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်ရှိသည့် စည်ပင်ကြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ချောင်းကမ်းကြီး အခြေခံပညာမူလတန်းကျောင်းများ အမြန်ဆုံးဖွင့်လှစ်၍ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းရှိ နုန်းမြေများ၊ အမှိုက်များနှင့် စာသင်ဆောင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ရခိုင်ပြည်နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် စာရင်းအရ အုန်းသီးနှံ ၁၂၆၄၈ ဧက စိုက်ပျိုးထား

**စစ်တွေ စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် တစ်အုပ်တစ်မ အုန်းပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက စစ်တွေ-ပလ္လင်ပြင်ကားလမ်းမကြီးနံဘေး စစ်တွေတက္ကသိုလ်အနီး၌ ကျင်းပသည်။



အုန်းပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည့်အတွက် ရှေးယခင်ကပင် အုန်းသီးနှံကို စိုက်ပျိုးခဲ့ကြကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းအရ အုန်းသီးနှံ ၁၂၆၄၈ ဧကစိုက်ပျိုးထားကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိုခါမုန်တိုင်းအပြီး စစ်တွေမြို့သို့ လာရောက်သည့်ခရီးစဉ်တွင် မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များ ပြိုလဲပျက်စီးမှုများရှိခဲ့သော်လည်း အုန်းပင်များထိခိုက်မှုနည်းပါးသဖြင့် သဘာဝဘေးဒဏ်ခံနိုင်သော လေကာပင်များနှင့် အုန်းပင်များကို တိုးချဲ့စိုက်ပျိုးရန် မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နှစ်အလိုက် အုန်းသီးနှံတိုးချဲ့စိုက်ပျိုးရေးစီမံချက်ကို ရေးဆွဲခဲ့ပြီး မြို့နယ်အလိုက် အုန်းသီးစုဆောင်ခြင်း၊ ပျိုးထောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ အုန်းပျိုးပင် ငါးသောင်းကျော် ပျိုးထောင်နိုင်ခဲ့ပြီး ၄၈၄ ဒသမ ၉၀ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အုန်းသီးနှံကို ပင်လယ်ကမ်းရိုးတန်းအနီးကျေးရွာများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုမှ ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသနေ ပြည်သူများ၏ အိုးအိမ်များ ထိခိုက်ပျက်စီးမှုမှ လေဒဏ်ကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းဒေသရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ်ထိခိုက်မှုမှ ကာကွယ်နိုင်ရန်၊ ရေနေသတ္တဝါများ၏ နေထိုင်စားသောက်မှု ဘဝပုံစံဂေဟစနစ်ကို ကာကွယ်ပေးရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ အုန်းသီးနှံထွက်ကုန်များကို ကုန်ချောအဆင့် ထုတ်လုပ်နိုင်စေရန်အတွက် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်အိမ်ခြံများတွင် အုန်းသီးနှံစိုက်ပျိုးရေးကို ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သတ်မှတ်နေရာများတွင် အုန်းပင်များစိုက်ပျိုးပေးကြသည်။ (ဝဲပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဌာနဆိုင်ရာများ၊ စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများက အုန်းပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးပြီး အုန်းသီးနှံပင်များ ရှင်သန်ကြီးထွားရေးအတွက် စနစ်တကျ ပြုစုစောင့်ရှောက်ပေးကြရန် မှာကြားသည်။ တစ်အုပ်တစ်မ အုန်းပင်စိုက်ပျိုးပွဲတွင် အုန်းပျိုးပင် ၃၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။

**တင်ထွန်း (ပြန်/ဆက်)၊ ဓာတ်ပုံ-ဝင်းမင်းစိုး**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း ပြင်းထန် ဝမ်းပျက်ဝမ်းလျှော ရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းကို



စက်တင်ဘာ ၂၂ ရက်က စတင်၍ မြို့နယ်အတွင်းရှိ ဦးတည်အုပ်စုဖြစ်သည့် ရပ်ကွက်များတွင် အဖွဲ့ ၁၃ ဖွဲ့ခွဲကာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ဆေး တိုက်ကျွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် လူမှုရေးအဖွဲ့များ ပူးပေါင်းပါဝင်သည့် အဖွဲ့ ၁၃ ဖွဲ့တို့က ရွှေ့ပြောင်း အုပ်စုများရှိသည့် ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှော တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေး တိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ဒဂုံမြောက်)**



## မုံရွာမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး မီးပွိုင့် ၁၀ ခု ပြုပြင်ဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အမှတ်(၁၇) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း)၊ မုံရွာမြို့နယ်စည်ပင်နှင့် မြို့နယ်လျှပ်စစ်ဌာနတို့ပူးပေါင်းပြီး မီးပွိုင့် ၁၀ ခုအား ပြုပြင်ခြင်းနှင့် ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မုံရွာမြို့ပေါ်ရှိ တမာတန်းမီးပွိုင့်၊ ကျောက္ကာမီးပွိုင့်၊ ဇောတိကမီးပွိုင့်၊ ရေစင်မီးပွိုင့်၊ သာစည်မီးပွိုင့်၊ ထန်းတောမီးပွိုင့်၊ ရန်ကင်းမီးပွိုင့်၊ ရေကူးကန်မီးပွိုင့်၊ မြို့လယ်မီးပွိုင့်၊ မြို့ပတ်လမ်းဘဏ်မီးပွိုင့်တို့အား ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးထားရာ မုံရွာမြို့ရှိ လမ်းသွားလမ်းလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ပြီဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် တောင်ခြေကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ခြေကျေးရွာ၌ ကျေးရွာနေပြည်သူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတ မြင့်မားတိုးတက်လာစေရေးအတွက် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မေသက်နွယ်နှင့် ရပ်မိရပ်ဖများက သတ်မှတ်နေရာများတွင် ပန္နက်တင်ကြသည်။

အဆိုပါကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် အလျား ပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံ ဆောက်လုပ်သွားမည်ဖြစ်သည်။

**နေအောင်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး

**ဘိုကလေး စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ် အ-ထ-က(၁)ကျောင်းရှိ အောင်ဆန်းခန်းမ၌ ယနေ့ စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်သည့် (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။ **(ယာပုံ)**



ဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းက (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်သည် "အတားအဆီးများကို ကျော်လွှားမှ ခွေးရူးရောဂါကင်းစင်ပခြေလှမ်းတိုင်းမှာ ပါဝင်ကြ" ဖြစ်ကြောင်း၊ ခွေးရူးရောဂါ ကာကွယ်ရေးအတွက် ခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းသည် မိမိနှင့် မိသားစုဝင်များကိုသာမကဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ခွေးရူးရောဂါအန္တရာယ်မှ ကာကွယ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်မိုးဝင်းက ခွေးရူးရောဂါအကြောင်း တိရစ္ဆာန်များမှတစ်ဆင့် ခွေးရူးရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ ခွေးရူးရောဂါ၏လက္ခဏာများ စသည်တို့ကို ဟောပြောသည်။

**မိုးစက်(ဘိုကလေး)**



(၆၀)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေပြည်ဆိပ်ဦးဘုရားအနီး စက်တင်ဘာ ၂၈ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းနှင့် မြို့မစခန်းမှူး ဒုရဲမှူးလှဇော်ဝင်းတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



## ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြော

**တောင်ကြီး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ (၁၈) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်က တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁) စိုက်မွေးအထက်တန်းကျောင်း၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က အမှာစကားပြောကြားကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်မင်းထွန်းက တိရစ္ဆာန်များတွင် ခွေးရူးရောဂါနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် အေးသာယာမြို့ တိုက်နယ်ဆရာဝန် ဒေါက်တာခွန်ကျော်လင်းက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးအသိပညာများ ဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ယင်းနောက် အေးသာယာမြို့ အုပ်ချုပ်ရေးမှူးရုံးဝင်းတွင် ပြည်နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ စီစဉ်ပေးမှုဖြင့် (Zoetis Rabies killed Vaccine) ဆေးအဆ ၁၀၀ အား အိမ်မွေးခွေးကြောင်များ အခမဲ့ထိုးနှံပေးခြင်းကို ကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ (၁၈) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရေး ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဝေလွင်ဦးနှင့် ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၏ ခွေးရူးကာကွယ်ဆေးထိုးနှံရန် လာရောက်ပြသသောခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးစဉ်။ လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့၊ အမှတ်(၆)မင်းတဲရပ်ကွက်၊ မြို့သစ်(က) (၇)လမ်းရှိ အကွက်အမှတ် (၂၄၃)၊ မြို့မြေအမျိုးအစား၊ (၄၀ x ၆၀)ပေ အကျယ်ရှိ ခြံမြေကွက်နှင့် ယင်းမြေ ပေါ်ရှိ နေအိမ်(၂)လုံးအပါအဝင်၊ အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်အစပ်များနှင့် ဝယ်ယူထားသူ ဒေါ်သိမ့်ဇာခြည်သူ (၁၂/တမန(နိုင်)၁၁၂၀၂၃) သည် ၎င်းတစ်ဦးတည်းမှသာ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုး(၇/ဒဥန(နိုင်)၂၂၁၄၃၄) မှ ဝယ်ယူရန် သဘောတူညီပြီး (၁၂-၉-၂၀၂၄) ရက်တွင် ငွေအပြေအကျေပေးချေကာ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မိုးမိုးမှ လက်ရှိထားပိုင်ဆိုင်ခံစားခွင့်နှင့် စီမံပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးချစ်ဦးမောင် (LL.B) | ဒေါ်ခက်ဝေဖြိုး (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၄၂/၂၃) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၆၆/၂၀) |
| ကမ်းနားလမ်း၊ စက်ကွင်းရပ်ကွက်၊ | ဘိုင်းဒါးစံပြကျေးရွာ၊ |
| ဒိုက်ဦးမြို့ | ညောင်လေးပင်မြို့နယ် |
| Ph-09-957502365 | Ph-09-676219577 |




## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၁/၁ရပ်ကွက်၊ ပုလဲရွှေဝါ(၂)လမ်း၊ အမှတ်(၉၂၀)၊ ပေ(၁၀x၆၀) အိမ်၊ မီးပါ၊ ၎င်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အိမ်မီးပါပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဌေးလွင် ၈/မလန(နိုင်)၀၀၈၁၃၈ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်ဥမ္မာသိန်း ၁၂/ဥကမ(နိုင်၀၀၅၃၃၄

ဖုန်း-၀၉-၄၀၃၇၂၅၈၂၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/13168, Shinbo-125,M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/12687, Yunde-110,M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဝင်းနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်မင်းဆွေနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်း၍ အထက (၂) ပျော်ဘွယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မင်းမင်းထွေး(ပျော်ဘွယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၈၀၅၃၇, Canda-110,M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Tra Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော် ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ "မော်တော် ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်" အသိပေးအပ် ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ**
**ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

**သစ်ပင်နည်းလာ**
**တို့ကမ္ဘာ၊**
**လွန်စွာပူအေး**
**ဥတုဘေး**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဂေါက်သီးရိုက်ကစားရာမှ တစ်ချက်တည်းကျင်းဝင်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ "မဟာရွှေတြိဂံ (Maha Golden Triangle)" ဂေါက်ကွင်းတွင် စက်တင်ဘာ ၂၇ ရက်၊ ညနေ ၃ နာရီခန့်က ဦးအားဂါသည် ကစားဖော်များဖြစ်သည့် ဦးအားဆာ၊ ဦးဇော်ဝင်း၊ ဦးယားပါလုံ၊ ဦးအိုက်ပန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် (၁၅၃)ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၅)ကို Honma Iron 8 ဖြင့် Titleist No.3 ဂေါက်သီးအားရိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါကြောင်း။

**ကစားဖော်များ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာကေတမြို့နယ်၊ ရေဝဏ်လမ်း ၊ သန်လျင်မြို့နယ်၊ မြို့ပတ်လမ်းမပေါ်ရှိ CNGဆိုင်များနှင့်သဃင်္န်းကျွန်းပညာရေးဒီဂရီကောလိပ်တို့အား(၂၄)နာရီဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း အသစ်ဆွဲသားခြင်း နှင့် မြေအောက်ဓာတ်အားလိုင်းအသစ်ချမြုပ်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) ပုတ်ပြတ် (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၃၀.၉.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်၊

၃။ တင်ဒါပိတ်ရက်မှာ(၁၅.၁၀.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## OXLEY CONSULTANCY & MANAGEMENT COMPANY LIMITED
## (In Members' Voluntary Winding Up)
## Notice under section 211 (a) of the Myanmar Insolvency Law
## Final General Meeting relating to the voluntary winding up

In pursuant of the section 211 (a) of the Myanmar Insolvency Law,all members of the Company are invited to attend the Final General Meeting of the"OXLEY CONSULTANCY & MANAGEMENT COMPANY LIMITED" (Under Liquidation) which will be held as per schedule mentioned below for the purpose of laying before it the account and giving any explanation there of.

**Meeting Date and Time** : : 28 th, October, 2024 (10:00) AM

**Venue** : : Online Meeting

**U YE NOOS (Supreme Court Advocate)**
**YE NOOS & ASSOCIATES**
**Liquidator**
**Ph: (01) 8397234/8397235**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ T&T ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3 မှ မောင်နေမင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းနိုင် ၁၂/လသယ(နိုင်) ၀၅၈၁၇၄ ဖြစ်ပါကြောင်း။

**ဖခင်-ဦးစိုးမင်းနိုင်**

## ပတ်စ်ပို့ပျောက်

ပျော်ဘွယ်မြို့နယ်၊ ကျူတော၀ ကျေးရွာနေ(ဘ) ဦးခင်ဇော်၏သမီး မသဲသဲဦး ၉/ပဘန(နိုင်)၂၇၇၂၁၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၂၄၈၅၁၄၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၃-ရပ်ကွက်၊ မော်တင်(၇)လမ်း၊ တိုက်အမှတ်(၅၄)၊ ၂ခန်းတွဲ (၇)ထပ်တိုက်၏ ဒုတိယထပ်(ယာ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ) (တိုက်အရှေ့မှမျက်နှာမူလျှင်လက်ယာဘက်အခြမ်း) တိုက်ခန်း(၁)ခန်းနှင့် ဥပဒေရေးရာအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျောက်တံတားခရိုင်တရားရုံး၊ ၂၀၂၃-ခုနှစ် တရားမအထွေထွေအမှုအမှတ်-၁၀၄တွင် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၁၈ အရ ကျောက်တံတားခရိုင်တရားရုံးမှ အမွေထိန်းလက်မှတ်စာရရှိသူဦးညွန့်ဇင် ၁၂/အလန(နိုင်)၀၂၆၀၇၃က ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးစောအောင်သူ ၁၀/ဘလန(နိုင်)၀၀၂၈၉၆နှင့် ဒေါ်လဲ့လဲ့ဝင်း ၁၂/လသန(နိုင်) ၀၁၁၀၅၆ တို့က အပြီးအပိုင်ဝယ်ယူရန် ၂၇-၉-၂၀၂၄ရက်တွင် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောအောင်သူနှင့် ဒေါ်လဲ့လဲ့ဝင်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်ဆွေ B.A (Law), LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၆၄၃)**
**အမှတ်- ၁၇/၂၁၊ ၃၅-လမ်း (အောက်)၊ မြေညီထပ်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ နော်ဇင်နှင်းဦး ၁၂/မဘန(နိုင်)၁၂၅၂၃၈၏ ပတ်စ်ပို့နံပါတ် (A-252311)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၈၁၁၇၂၄၉**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ T&T ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5မှ မခင်သဇင်မြင့်၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်မြင့် ၁၄/ကလန(နိုင်) ၀၉၉၅၀၃ ဖြစ်ပါကြောင်း။

**ဖခင်-ဦးမောင်မောင်မြင့်**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင်(၈၈)၊ အခန်း (၅)၏ပိုင်ရှင် ဗိုလ်မှူးမောင်သိန်း(ငြိမ်း)(CE-042320) ၁၂/ဥကတ(နိုင်)၁၀၁၁၆၁ ထံမှဝယ်ယူသူ ဦးခင်မောင်ဝင်း ၁၂/တမန(နိုင်) ၀၅၇၂၁၇က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ထိုပွဲရုံဆိုင်ခန်းအား ဦးခင်မောင်ဝင်း အမည်သို့ပြောင်းလဲမည်ဖြစ်ပြီး မှတ်ပုံတင်တွင် ဦးမောင်သိမ်းနှင့် ငွေသွင်းချလန်နှင့် ဌာနနှင့်အလွှဲပြောင်းစာချုပ်တို့တွင် ဗိုလ်မှူးမောင်သိန်း(ငြိမ်း)တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါကစော်ဘွားကြီး ကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**စော်ဘွားကြီးကုန်းပွဲရုံနှင့်**
**ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (န/၅၄-တိုးချဲ့) လူနေရပ်ကွက်အမှတ်(ကျောင်းကုန်း-၂၆)၊ ဒေါနလမ်း၊ မြေကွက်အမှတ်(၁၇၃/၁၇၆) ဟုခေါ်တွင်သော အလျား(၄၀)ပေ x အနံ (၆၀)ပေ၊ ဧရိယာ (၂၄၀၀) စတုရန်းပေ၊ ၀ ဒသမ ၀၅၅ဧက အကျယ်အဝန်းရှိသော ဒေါ်ခင်သန်းမြင့် (ခ) ဒေါ်သန်းမြင့် အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုငြိမ်း ၁၂/ဥကတ(နိုင်)၀၈၁၄၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနောင်လတ်အောင် (L.L.B) (စဉ်-၅၀၅၉၁)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၇၁-ခ)၊ ရေဝတီပတ်လမ်း၊ (၆/၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့။**
**ဖုန်း-၀၉-၇၆၆၉၉၄၇၅၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရေလဲ ကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၅၆၊ ရေလဲအထက်ကွင်း)၊ ဦးပိုင်အမှတ် (၈၅) ၊ ဧရိယာ ၀ ဒသမ ၀၉ ဧကရှိ ရွာမြေအား မူလပိုင်ရှင်ဖြစ်သူ ဒေါ်တိုးကြည်ထံမှ ၂-၃-၂၀၂၁ ရက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူ ပိုင်ဆိုင်ခဲ့ကာ မအူပင်မြို့နယ်တရားရုံးတွင် ကျိမ်းကျိန်လွှာအမှတ်စဉ် - ၂၇ / ၂၀၂၄ ဖြင့် ကျမ်းကျိန်ဆိုခဲ့ပြီးနောက် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းကာ လက်ရှိပိုင်ဆိုင်နေထိုင်သူ ဦးရင်ထွေး ၁၄/ကလန(နိုင်)၀၇၄၃၇၂ မှ မြေငှားဂရန်အသစ် လျှောက်ထားရာတွင် ပါဝင်လို အပ်သောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃၈)နေ ဦးညွန့်ဝေ ၁၂/ကမတ(နိုင်)၀၄၄၀၁၀ သည် မြောင်းမြမြို့၊ မြရတနာရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ် (၂၇၆-က) တဇင်ကုန်းကြီး၊ ဦးပိုင်အမှတ် (A-၁၀၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကြည် ဂရန်အမည်ပေါက်မြေအား ၁၅-၁၁-၂၀၀၆ ရက်တွင် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပိုင်ရောင်းချခြင်းစာချုပ်အမှတ်(၂၄/၂၀၀၆) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဂရန်သက်တမ်းကုန်ဆုံးသဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားမှုတွင် ဦးကြည် အမည်ပေါက် ဂရန်စာချုပ်သည် မည်သူတစ်ဦးတစ်ယောက်အဖွဲ့အစည်းကိုမျှ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အမွေဆက်ခံထားခြင်းနှင့် လွှဲပြောင်းထားခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးသွားပါသဖြင့် ဦးကြည်အမည်ပေါက် ဂရန်စာချုပ်အား မတင်ပြနိုင်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထား ပြည့်စုံစွာဖြင့် ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း စာဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ထားသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးညွန့်ဝေ အမည်ဖြင့် လူနေထိုင်ရန် မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊သဃင်္န်းကျွန်းမြို့နယ်၊ ရပ်ကွက် ၁၆/၂၊ သီရိဂုဏ်အိမ်ရာနေ (ဘ) ဦးလှမောင် ၏သား ဦးအောင်နိုင်ဝင်း ၁၂/သဃက(နိုင်) ၀၂၀၈၀၀ နှင့် ဦးအောင်နိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အမှတ်(၁၁)၊ အထက Grade(3) မှ မနှင်းနွေစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးစံဝင်း ၁၄/ပပတ(နိုင်) ၁၇၁၈၃၂ ဖြစ်ပါကြောင်း။

**ဦးစိုးစံဝင်း**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ အောင်ချမ်းသာရပ်ကွက်၊ အောင်သုခလမ်း၊ မြေကွက်အမှတ် (၆၀၃)၊ အိမ်အမှတ် (၃၃/ဘီ)၊ မြေပေအကျယ်ပေ(၂၅x၅၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ် RC တိုက် အဆောက်အအုံမှ ခြေရင်းခြမ်းရှိ စတုတ္ထထပ် (၅-လွှာ)၊ အခန်းအကျယ်အဝန်းပေ(၁၂ ၁/၂ x ၅၀)၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူ ဒေါ်ဝေဝေနွယ်၁၀/မလမ(နိုင်)၁၃၂၀၃၉က မိမိသာ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိ ပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လေးလေးမြင့်၈/မလန(နိုင်)၀၁၂၀၁၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊(၅/၁၅)ရပ်ကွက်၊ (၅)လမ်း လမ်းသွယ်၊ ဦးပိုင်အမှတ်(၂၂၂)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ ကျယ်ဝန်းသည့်ခြံမြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဇော်မိုးထွဋ်(ဘ)ဦးတင်ထွဋ် ၇/ပခန(နိုင်)၂၀၂၆၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီသီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း- ၀၉-၇၉၁၈၄၉၀၀၈**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၉၄)၊ အခန်း(၄)၏ ပိုင်ရှင် ဒေါ်မာလာ(ခ)ဘုတ်ဆုံ ၁၂/ရပသ (နိုင်) ၀၀၉၉၈၂က ၎င်းအမည်သို့ ပြောင်းထားပေးသော အမည်ပြောင်းအကြောင်းကြားစာနှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်တို့မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**စော်ဘွားကြီးကုန်းပွဲရုံနှင့်**
**ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နေ ဦးဖိုးဆေး - ဒေါ်လှလှခိုင် တို့၏ သား၊ ဒက္ခိဏသီရိ၊ အထက(၁၈) Grade(3) မှ မောင်လျှံဖြိုး အား မောင်လျှံဘုန်းထက် ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လျှံဘုန်းထက်**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်နေ ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၀၃၈၈၁၇-ဒေါ်မေသက်ရီ ၁၂/ဥကတ(နိုင်)၀၃၆၇၁၃တို့၏သား မောင်ဇော်နိုင်ထူး ၁၂/ဥကတ(နိုင်) ၁၅၇၃၄၅သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာ အပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**
**၁၂/ဥကတ(နိုင်)၀၃၈၈၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/62289 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲနိုင် ၁၄/လပတ(နိုင်) ၂၅၁၇၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/05012 Honda Dream 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် ၁၄/ပသရ(နိုင်) ၀၅၂၀၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၂၄)၊ အခန်း (၄၊၅) ၏ပိုင်ရှင် ဒေါ်ပေါ်လီ ၁၂/ကတတ(နိုင်)၀၁၆၉၇၇ (G/RGN-008450)မှ ၅-၁-၂၀၂၁ ရက်တွင် ဒေါ်ခင်သန္တာထွန်း ၉/မဟမ(နိုင်) ၀၁၉၁၇၅ သို့ ရောင်းချခဲ့ပြီး ဒေါ်ပေါ်လီသည် ၁၉-၇-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် ဒေါ်ခင်သန္တာထွန်း အမည်ပြောင်းသည့်အချိန်တွင် ဒေါ်ပေါ်လီ၏ ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း ၁၂/ကတတ(နိုင်)၀၁၆၉၇၈၊ သားများဖြစ်သည့် ဦးအောင်ကျော်ဝင်း ၁၂/ကတတ(နိုင်)၀၂၅၈၁၉၊ ဦးရဲရင့်ဝင်း ၁၂/ကတတ(နိုင်)၀၂၆၅၆၃၊ ဦးသန့်ဇင်အောင် ၁၂/ကတတ(နိုင်)၀၂၈၀၆၁တို့က အမည်ပြောင်းလဲခြင်းအတွက် ကန့်ကွက်ရန်မရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်း၊ အမှုအခင်း ကင်းရှင်းကြောင်း၊ ပြဿနာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် Special Power တို့တွင် လက်မှတ်များ ရေးထိုးပေးထားသောကြောင့် ဒေါ်ခင်သန္တာထွန်းအမည်သို့ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံး**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7937 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အလိမ္မာ စာမှာရှိ

## တင်ဒါခေါ်ယူခြင်း

၁။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား၊ ပေါင်းကူးလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ (၃ ဒသမ ၅၀၈)ဧကတွင် အစိုးရ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုပုံစံဖြင့် ၄ ခန်းတွဲ ၆ ထပ်တိုက် RC အဆောက်အအုံ (၂၀)လုံးအား ဆောက်လုပ်မည်ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၀-၂၀၂၅ ရက်မှ ၁၄-၁၀-၂၀၂၅ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၄-၁၀-၂၀၂၅ ရက် ( ကြာသပတေးနေ့ )

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း-၀၉ - ၈၉၁၈၀၃၀၆၉ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန် အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ဖြစ်စေ၊ ဖုန်း-၀၉ - ၈၉၁၈၀၃၀၆၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်း နိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည် (၂) မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

